http://www.dhammadownload.com

ပညာအလင်းပြ

ဗုဒ္ဓါဘိသေကမင်္ဂလာ

ဘုရားအနေကဇာတင်

နှင့်

ရွှေတောင်မြို့

ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး၏

ပကိဏ္ဏက နမက္ကာရ

ခေါ်

အစိန္တေယျဘုရားရှိခိုးကြီး

(ခက်ဆစ် အဓိပ္ပါယ်ဖွင့်ဆိုချက်ပါသည်)

ပညာအလင်းပြ

http://www.dhammadownload.com

ကျမ်းဦးပဏာမ

❖❖❖❖❖❖❖❖

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(ပါဠိနိဿယ)

အရဟတော	–	ပူဇော်အထူးကို ခံတော်မူထိုက်သော
သမ္မာသမ္ဗုဒ္ဓဿ	–	တရားဥဿုံ အလုံးစုံကို မဖောက်မပြန် အမှန် ကိုယ်တိုင် သိတော်မူသော
တဿ ဘဂဝတော	–	ထိုဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်အား
နမော	–	ရှိခိုးပါ၏

(မြန်မာပြန်)

ဘုန်းတော်ခြောက်ပါး ရှိတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော တရားအားလုံးကို မဖောက်မပြန် အမှန်ကိုယ်တိုင် သိတော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏။

http://www.dhammadownload.com

၄၁၄၄

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူတကာတွင် တရားအလှူသည်
အမြတ်ဆုံး

....

....

.... သို့

....

....

....မှ

နိဗ္ဗာန ဓမ္မ လက်ဆောင်မွန်

ပညာအလင်းပြ

http://www.dhammadownload.com

ဗုဒ္ဓသာသန် စိရံ တိဋ္ဌတု

ဗုဒ္ဓသာသန်-မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ပရိယတ္တိသာသနာတော်၊ ပဋိပတ္တိသာသနာတော်၊ ပဋိဝေဓ သာသနာတော် ဟုဆိုအပ်သော သာသနာတော်မြတ် သုံးရပ်သည်၊ စိရံ- အနှစ်များမြောင်ကာလ ကြာလေအောင်၊ တိဋ္ဌတု- အရှည်ခံ၍ တည်တံ့တော်မူပါစေသတည်း။

❖❖❖❖❖❖❖❖❖❖

မှတ်ချက်

ဗုဒ္ဓသာသန် စိရံတိဋ္ဌတုဟူသော ပါဠိကိုရွတ်ဖတ်ရာတွင် အသံထွက်မမှားစေရန် သတိပြုစေလိုပါသည်။

ဥပမာ- စိရံကို အများအားဖြင့် စီရံဟု အသံထွက်နေတတ်ပါသည်၊ စိ-ကိုစီ-ဟု အသံမထွက်ရန်နှင့် ရံကို ယံဟု အသံမထွက်စေဘဲ အင်္ဂလိပ်အက္ခရာ (R) သံ လျှာလိပ်သံဖြင့် (ရံ) ဟု ပီသစွာ ရွတ်စေလိုပါသည်။

တိဋ္ဌတုကိုလည်း အသံထွက်လျှင် (တိတ်ထတု) ဟု အသံထွက်စေရပါမည်။ (တိထတု) ဟုမဆိုရပါ၊ ထို့ကြောင့် (ဗုဒ္ဓသာသန် စိရံတိတ်ထတု) ဟု အသံထွက်၍ ရွတ်ဖတ်ကြစေလိုပါကြောင်း။

http://www.dhammadownload.com

ပညာအလင်းပြ

ဗုဒ္ဓါဘိသေကမင်္ဂလာ

ဘုရားအနေကဇာတင်

နှင့်

ရွှေတောင်မြို့

ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး၏

ပကိဏ္ဏက နမက္ကာရ

ခေါ်

အစိန္တေယျဘုရားရှိခိုးကြီး

(ခက်ဆစ် အဓိပ္ပါယ်ဖွင့်ဆိုချက်ပါသည်)

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ် ၆၃/၉၇(၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀/၉၇(၁၂)

၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ၊

အကြိမ် ဒုတိယအကြိမ်

အုပ်ရေ ၁၀၀၀

တန်ဖိုး ~~၃၅~~/-၅၀/-

မျက်နှာဖုံးရိုက် အေးဝင်းရွှေ (၀၄၉၁၂)

အတွင်းပုံနှိပ် အေးဝင်းရွှေ (၀၄၉၁၂)
၂၀၆၊ ၃၁လမ်း၊ ရန်ကုန်မြို့။

စာအုပ်ချုပ် ဦးတင်အေး (စာအုပ်ချုပ်လုပ်ငန်း)

ထုတ်ဝေသူ ဦးမြသန်း (၀၁၀၅၀)
အသိုင်းအဝိုင်းစာပေ
ဇွဲစုံရပ်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ပညာအလင်းပြစာပေ
အမှတ် (၁၃၀)၊ ဗိုလ်ချုပ်လမ်း၊
ရန်ကုန်မြို့။ ဖုန်း-၂၉၀၉၂၇

http://www.dhammadownload.com

ဖြန့်ချိသူ၏ အမှာစကား

လွန်ခဲ့သော (၈) နှစ် [၁၉၈၇] ခုနှစ်က ပညာအလင်းပြ စာပေမှ ကျိုးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ အစိန္တေယျ ဘုရားရှိခိုးကြီးနှင့် လယ်တီ ဆရာတော်ဘုရားကြီး၏ မဟာသရဏဂုံတော်ကြီးပါဌ်နိဿယ ၂ စောင်တွဲကို ထုတ်ဝေ ဖြန့်ချိခဲ့ရာ ရဟန်းရှင်လူ သူတော်စင်များ လက်ကိုင်ထား၍ နှစ်ခြိုက်အမြဲ သုံးစွဲခဲ့ကြကြောင်းသိရှိရပါသည်။

ထိုကျမ်းနှစ်စောင်တွဲကို ထပ်မံရိုက်နှိပ်ရန် စီစဉ်ရာ၌ ဓမ္မမိတ်ဆွေများ အကြံပေးချက်အရ ကျိုးသဲလေးထပ် ဆရာတော်ဘုရားကြီး၏ အစိန္တေယျ ဘုရားရှိခိုးကြီးကို ဘုရားအနေကဇာတင် ပါဌ်နိဿယနှင့်တွဲ၍ သီးခြားကျမ်း တစ်စောင်စီစဉ်ကာ –

လယ်တီဆရာတော်ဘုရားကြီး၏ မဟာသရဏဂုံတော် ကြီးကို သီးခြားကျမ်းတစ်စောင်စီစဉ်၍ –

ရှေးယခင်က နှစ်စောင်တွဲကို ယခု ကျမ်းနှစ်ကျမ်း အဖြစ် တစ်ကျမ်းစီ စီစဉ်ထုတ်ဝေ ဖြန့်ချိလိုက်ရပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

ပညာအလင်းပြစာပေ

http://www.dhammadownload.com

ဗုဒ္ဓဘာသာတိုင်း လက်စွဲပြုသင့်သော ဝိပဿနာကျမ်းများ

✣ ပန်းတောင်းအရှင်ဇာဂရ ၏
ဝိပဿနာဟောနည်း ကျင့်နည်း နိဿယည်းကျမ်း ၁၇၅၊

✣ လယ်တီနှင့် အနာဂါမ်ဆရာသက်ကြီးတို့၏မူ
(ဒိဋ္ဌမမ္ဗဝိပဿနာ ညာဏဒဿနကျမ်းခေါ်
အာနာပါနသိမှုဖြင့် ဝိပဿနာရှုပွားနည်း) ၈ဝ၊

✣ ဆရာကြီး ဦးပဂျိုင်၏
ဂမ္ဘီရဝိပဿနာ ပ- ဒု- တ (၃) တွဲ နှစ်အုပ်ပေါင်း ၁၅ဝ၊

✣ တိုးတက်ရေးဦးသန်းဖေ၏
အပါယ်လွတ်ကြောင်း သေနည်းကောင်း ၅၅၊

✣ နိဗ္ဗါနဓါတုခေါ် ဓါတ်(၁၈)ပါးကို ခွဲခြမ်းပြသော
ကြွေ-၆-ပါး စောင့်စည်းခန်း ဝိပဿနာကျင့်နည်းလမ်း ၁၅၊

✣ မန္တလေးမဟာဗောဓိကမ္မဋ္ဌာန်းတိုက်မောင်လှပေါ်၏
စက္ကန့်သုံးရာဘာဝနာ (၅) မိနစ် တရားရှုမှတ်နည်း ၁၅၊

ရန်ကုန်-မန္တလေးနှင့် မြို့တိုင်း ဆိုင်တိုင်းမှာရနိုင်ပါပြီ။

ပညာအလင်းပြစာအုပ်ဆိုင်

ဗိုလ်ချုပ်လမ်းနှင့် (၄၈)လမ်းထိပ်၊ ရန်ကုန်မြို့။
ပုဇွန်တောင်မြို့နယ်၊ ဖုန်း ၉၂၄၉၂။

http://www.dhammadownload.com

ဘုရားအနေကဇာတင်မည့်
ဘုရားဒါယကာ ဘုရားဒါယိကာမများ
သိမှတ်ဖွယ် ဗဟုသုတ

၁။ ဘုရားအလောင်းတော်သည် သဗ္ဗညုတရွှေဉာဏ်တော်ကို နံနက်အာရုဏ်တက်ချိန်တွင် ရရှိ၍ ဘုရားဖြစ်တော်မူသောကြောင့် နံနက်အာရုဏ်တက်ချိန်တွင် အနေကဇာတင်ပေးပါရန် အနည်းဆုံး သံဃာတော် (၅) ပါးအား မိမိပူဇော်လိုသောရက်ကို ရက်သတ္တတစ်ပတ်ခန့် ကြိုတင်၍ ပင့်ဖိတ်ထားရပါမည်။

၂။ မိမိတို့ အနေကဇာတင်မည့် ဆင်းတုရုပ်ပွားတော်အား ပထမနေ့ တစ်ရက်ကြိုတင်၍ စင်ကြယ်သန့်ရှင်းသော ရေစင်ရေအေးဖြင့် ရေသပ္ပာယ်ထားရပါမည်။

၃။ ဆင်းတုရုပ်ပွားတော်ရှေ့တွင် သင့်တင့်လျောက်ပတ်စွာ ကြည်ညိုဖွယ်ရာဖြစ်စေသော ပန်း, ရေချမ်း, ဆီမီး, သစ်သီး, အမွှေးနံ့သာတိုင်များကို ပူဇော်ထားရပါမည်။

http://www.dhammadownload.com

၄။ အနေကဇာတင်မည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ပူဇော်ရန် သပြေပန်းနှင့် ထီး, တံခွန်, ကြက်လျှာ, အစုံ ၅ စုံ အဆင်သင့် စီမံပြုလုပ်ထားရပါမည်။ သံဃာတော်များ ကြွလာသောအခါ လက်ထဲသို့ ကပ်လှူထည့်ပေးရပါမည်။

၅။ သံဃာတော်များရှေ့တွင် ဆန်,ပန်း,ပေါက်ပေါက် တစ်ပုဂံနှင့် အမွှေးအကြိုင်နံ့သာရည် တစ်ဖန်ခွက် ချပေးထားရပါမည်။ သံဃာတော်များက အနေကဇာ တင်ရာတွင် ဗုဒ္ဓရုပ်ပွားတော်အား ကြဲမြှောက်ပက်ဖျန်း၍ ပူဇော်ရန် ဖြစ်ပါသည်။

၆။ သံဃာတော်များက ရေးထုံးအစဉ်အလာနှင့်အညီ ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာတင်ပြီးလျှင် ဘုရား ဒါယကာ ဘုရားဒါယိကာမ မိသားစုနှင့် သပွဲရှိသ နွယ်ဝင် သူတော်စင်များက သာဓု (၃) ကြိမ် ခေါ်ဆို ကန်တော့ကြရပါမည်။

၇။ သာဓု (၃) ကြိမ် ခေါ်ဆိုပြီး သံဃာတော်အရှင်မြတ် များအား အာရုဏ်ဆွမ်းမြတ် ဆက်ကပ်၍ ဆွမ်းဘုဉ်း ပေးပြီးပါက တတ်စွမ်းသမျှသော ဒါတဗ္ဗ ဝတ္ထု ...စုစုတို့ကို လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေး ...ကြရပါမည်။

http://www.dhammadownload.com

၈။ တစ်ခါတစ်ရံ သံဃာတော်များ မအားမလပ်သည်နှင့် ကြုံကြိုက်၍ (၅) ပါးပြည့်အောင် မကြွနိုင်ပါက (၄) ပါး (၃) ပါး (၂) ပါး စသည် အဆင်ပြေသလို အနေကဇာတင်နိုင်ပါသည်။ သံဃာရတနာသည် ပဥ္စဝဂ္ဂီ (၅) ဦးမှ စတင်ဖြစ်ပေါ်လာသောကြောင့် (၅) ပါး အရေအတွက်ကို အနည်းဆုံးထား၍ ပင့်လေ့ပင့်ထ ရှိခဲ့ကြပါသည်။

၉။ သံဃာတော်များ ရွတ်ဆိုပူဇော်သော အနေကဇာတင် ဂါထာများကို လူပုဂ္ဂိုလ်များ ကျက်မှတ်၍ ဘုရားရှိခိုးရာတွင် ထည့်သွင်းရွတ်ဆို ပူဇော်နိုင်ပါသည်။ အနေကဇာတင်ခြင်းတည်းဟူသော ဗုဒ္ဓါဘိသေက မင်္ဂလာအခမ်းအနားကိုမူ ဗုဒ္ဓ၏ အဆုံးအမ ဩဝါဒအတိုင်း ၂၂၇ သွယ်သော ဝိနည်းသိက္ခာပုဒ်တော်များနှင့်အညီ ကျင့်ကြံနေထိုင်သော သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော် အရှင်မြတ်များကသာ ဘုရားအနေကဇာတင် ပါဠိဂါထာတော်များကို ရွတ်ဆို၍ ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာတင်ထိုက်ပါသည်။ (လူပုဂ္ဂိုလ်များက အနေကဇာမတင်သင့်ပါ။)

၁၀။ အနေကဇာတင်ပူဇော်မှုကို ရုပ်ပွားဆင်းတုတော် အသစ်ကိုသာ တင်ရသည်မဟုတ်၊ မူလကိုးကွယ်

http://www.dhammadownload.com

ထားရှိပြီးရုပ်ပွားဆင်းတုတော် အဟောင်းကိုလည်း အခါအခွင့်သင့်တိုင်း အနေကဇာတင်နိုင်သည်။ အကြိမ်များစွာ တင်နိုင်လေ ကုသိုလ်များများရလေ ဖြစ်သည်။

၁၁။ အနေကဇာတင်ချိန်ကို ဘုရားဖြစ်တော်မူရာ အာရုံတက်ချိန်ဟု ရှေ့က ပြဆိုခဲ့သော်လည်း မြို့ရွာနှင့် ချီ၍ တည်ထားကြသော ဘုရားတော်မြင့်မားလှသည့် မြေပေါက် စေတီတော်ကြီးများ အနေကဇာတင်ရာ၌မူ ပြည်သူပြည်သား ဒါယကာအများ ပူဇော်ကြသောအချိန်ကို သတ်မှတ်၍ နေ့ညမရွေး အနေကဇာ တင်နိုင်သည်၊ ပူဇော်နိုင်သည်။

ပညာအလင်းပြ

အသံထွက် ပရိတ်ကြီး ၁၁ သုတ်

ပရိတ်တော်ဖြစ်စဉ် ဝတ္ထု (၁၁) ပုဒ်လုံး မြန်မာပြန်နှင့် ရွတ်ဖတ်ရခြင်း အကျိုးတရားများ

နောက်ဆက်တွဲ သံဝေဂမွေလက်ာများနှင့် အစုံလင်ဆုံး

ရိုးရိုးဖုံး ၃၀/- (ရပါပြီ) ဖလင်ဖုံးနှင့် ၃၅/-

http://www.dhammadownload.com

အနေကဇာတင် ဂါထာတော်ပါဠိတော်

၁။ ကနေက ဇာတိ သံသာရံ၊
သန္ဓာဝိဿံ အနိဗ္ဗိသံ၊
ဂဟကာရ ဂဝေသန္တော၊
ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

၂။ ဂဟကာရက ဒိဋ္ဌောသိ၊
ပုန ဂေဟံ န ကာဟသိ၊
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ၊
ဝိသင်္ခါရဂတံ စိတ္တံ၊
တဏှာနံ ခယမဇ္ဈဂါ။

ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိတော်

၃။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောကပရိဒေဝ ဒုက္ခဒေါမနဿု ပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိတော်

၄။ အဝိဇ္ဇာယ တွေ့ဝအသေသဝိရာဂနိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏ နိရောဓာ နာမရူပ နိရောဓော၊ နာမရူပ နိရောဓာ သဠာယတန နိရောဓော၊ သဠာယတန နိရောဓာ ဖဿ နိရောဓော၊ ဖဿ နိရောဓာ ဝေဒနာ နိရောဓော၊ ဝေဒနာနိရောဓာ တဏှာ နိရောဓော၊ တဏှာ နိရောဓာ ဥပဒါနနိရောဓော။ ဥပဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော။ ဇာတိနိရောဓာ ဇရာမရဏ သောကပရိဒေဝ ဒုက္ခဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ပဋ္ဌာန်း ၂၄ ပစ္စည်းပါဠိတော်

၅။ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိ ပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယ ပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မ ပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယ ပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တ

http://www.dhammadownload.com

ပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိ
ပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

ဥဒ္ဒါန်းကျူးဂါထာ ပါဠိတော်

၆။ ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတု ဓမ္မံ။

၇။ ယဒါဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

၈။ ယဒါဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

* * *

http://www.dhammadownload.com

ဗုဒ္ဓါဘိသေကဂါထာ ပါဠိတော်

၉။ ဇယန္တော ဗောဓိယာ မူလေ၊
သကျာနံ နန္ဒိဝဍ္ဎနော၊
ဧဝမေဝ ဇယော ဟောတု၊
ဇယဿု ဇယမင်္ဂလေ။

၁၀။ အပရာဇိတ ပလ္လင်္ကေ၊
သီသေပုထု ဝိပုက္ခလေ၊
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊
အဂ္ဂပ္ပတ္တော ပမောဒတိ။ ။

ပညာအလင်းပြ

ဘေးဥပါဒ်ရန်စွယ် အသွယ်သွယ်မှ
တကယ်လွတ်ကင်းစေသော

ဥပ္ပါတသန္တိနှင့် ရတနာရွှေထီး

အန္တရာယ်ကင်း အထူးပရိတ်တော်ကြီး
(၂) စောင်တွဲ

စက္ကူချော ပလပ်စတစ်ဖုံးနှင့် ထွက်ပါပြီ ၁၀၀ိ/-

http://www.dhammadownload.com

အနေကဇာတင်ဂါထာတော်နိဿယ

၁။ ဂဟကာရ–အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ခါခါမလပ် ပြုလုပ်တတ်သော ဟယ်–တဏှာယောကျ်ား လက်သမား။ ဂဝေသန္တော–ပညာစက္ခု ဉာဏ်မျက်ရှုဖြင့် စေ့ငု သေချာ ရှာဖွေသောငါသည်။ အနိဗ္ဗိသံ အဝိန္ဒန္တော–သင့်ကို မြင်နိုင်ဉာဏ်မဏ္ဍိုင်ကို လက်ဝယ်ပိုင်ပိုင် မရနိုင်သေးသည်ဖြစ်၍။ အနေက ဇာတိ သံသာရံ–အဖန်ဖန် အထပ်ထပ်ခန္ဓာဇာတ်တို့ ဖြစ်လတ်မှန်စွာ သံသရာသို့။ သန္ဓာဝိဿံသံသရိံ–ဘဝထို၍ အလီလီသို့ ကျင်လည်များပြားပြေးသွားရလှလေပြီ။ ပုနပ္ပုနံ–ထပ်မံမစဲ အဖန်တလဲလဲ။ ဇာတိ–စွဲကပ်မသွေ ပဋိသန္ဓေ နေရခြင်းသည်။ ဒုက္ခာ–မုချမသွေ ဆင်းရဲလှပေ၏။

၂။ ဂဟကာရ – အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ခါခါမလပ် ပြုလုပ်တတ်သော ဟယ်–တဏှာယောကျ်ား လက်သမား။ တွံ–တဏှာယောကျ်ား

http://www.dhammadownload.com

သင်လက်သမားကို။ ဒိဋ္ဌော–ပညာစက္ခု သဗ္ဗညုဖြင့် ယခုထင်ထင် ငါမြင်အပ်သည်။ အသိ–ဖြစ်လေပြီ။ ပုန–တစ်ဖန်။ ဂေဟံ–အတ္တဘောတည်းဟူသောခန္ဓာ အိမ်ကို။ န ကာဟသိ–သင်ပြုခွင့် မရှိတော့ပြီ။ တေ–တဏှာယောကျ်ားသင်လက်သမား၏။ဖာသုကာ–အတ္တဘောတည်းဟူသော ခန္ဓာအိမ်၏ ကိလေသာ တည်းဟူသော ထုပ်, လျောက်, အခြင်တို့ကို။ ဘဂ္ဂါ–ရစရာဟူ မြူမျှမရှိစိစိညက်ကြေ ငါချိုးဖျက် အပ်လေပြီ။ ဂဟကူဋံ–အတ္တဘောတည်းဟူသော ခန္ဓာ အိမ်၏ အဝိဇ္ဇာတည်းဟူသော စုလစ်မွမ်းချွန် အထွတ် မှန်ကင်းကို။ ဝိသင်္ခတံ–ထူးစွာခွဲနက် မှုန့်ကြေညက် အောင် ငါဖျက်ဆီးအပ်လေပြီ။ (မမ – ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်ကြား ငါဘုရား၏။ ။ ထည့်။) စိတ္တံ–ဒသ ကိလေ ကင်းဝေးချေးညှော် မြတ်စိတ်တော်သည်။ ဝိသင်္ခါရဂတံ–ကံ, စိတ်, ဥ, ဟာ လေးဖြာကြောင်း ရင်း ပြုပြင်ခြင်းကင်းသော နိဗ္ဗာန်သို့ အာရုံပြုသော အားဖြင့် ဆိုက်ရောက်ပေပြီ။ တဏှာနံ–တဏှာတို့၏။ ခယံ–ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်မှန် ဗောဓိဉာဏ်ကို။ အဇ္ဈဂါ–ထင်ထင်မျက်မှောက် ခရီး ပေါက်၍ ငါရောက်အပ်ပေပြီ။

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်အနုလုံဂါထာတော်နိဿယ

၃။ အဝိဇ္ဇာပစ္စယာ–အဝိဇ္ဇာဟူသော မောဟကြောင့်။ သင်္ခါရာ–ကုသိုလ် အကုသိုလ် သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ–ဖြစ်ကုန်၏။ သင်္ခါရ ပစ္စယာ– သင်္ခါရဟူသော အကြောင်းကြောင့်။ ဝိညာဏံ–ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ်သည်။ သမ္ဘဝန္တိ–ဖြစ်၏။ ဝိညာဏ ပစ္စယာ – ဝိညာဏ်ဟူသောအကြောင်းကြောင့်။ နာမရူပံ–နာမ်ရုပ်သည်။ သမ္ဘဝန္တိ–ဖြစ်၏။ နာမရူပ ပစ္စယာ – နာမ်ရုပ်ဟူသော အကြောင်းကြောင့်။ သဠာယတနံ–သဠာယတနသည်။ သမ္ဘဝန္တိ–ဖြစ်၏။ သဠာယတနပစ္စယာ–သဠာယတနဟူသော အကြောင်းကြောင့်။ ဖဿော–တွေ့ထိမှု ဖဿသည်။ သမ္ဘဝန္တိ ဖြစ်၏။ ဖဿပစ္စယာ–ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ–ခံစားမှုဝေဒနာသည်။ သမ္ဘဝန္တိ–ဖြစ်၏။ ဝေဒနာပစ္စယာ–ဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ–နှစ်သက်မှုတဏှာသည်။ သမ္ဘဝန္တိ–ဖြစ်၏။ တဏှာပစ္စယာ–တဏှာဟူသော အကြောင်းကြောင့်။ ဥပါဒါနံ–စွဲလမ်းမှု ဥပါဒါန်သည်။ သမ္ဘဝန္တိ–ဖြစ်၏။ ဥပါဒါနပစ္စယာ–ဥပါဒါန်ဟူသော အကြောင်းကြောင့်။ ဘဝေါ–ကမ္မဘဝ ဥပပတ္တိဘဝသည်။

http://www.dhammadownload.com

သမ္ဘဝန္တိ- ဖြစ်၏။ ဘဝပစ္စယာ-ကမ္မဘဝဟူသော အကြောင်းကြောင့်။ ဇာတိ-ပဋိသန္ဓေနေရခြင်းသည်။ သမ္ဘဝန္တိ-ဖြစ်၏။ ဇာတိပစ္စယာ-ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ - အိုခြင်း, သေခြင်း, ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာ ပင်ပန်းခြင်းတို့သည်။ သမ္ဘဝန္တိ-ဖြစ်ကြရကုန်၏။ ဧဝံ-ဤသို့။ ကေဝလဿ- အလုံးစုံသော။ ဧတဿ ဒုက္ခက္ခန္ဓဿ-ဤဒုက္ခအစု၏။ သမုဒယော-ဖြစ်ခြင်းသည်။ ဟောတိ-ဖြစ်၏။

ပဋိစ္စသမုပ္ပါဒ် ပဋိလုံဂါထာတော်နိဿယ

၄။ အဝိဇ္ဇာယ တွေဝ-အဝိဇ္ဇာ၏သာလျှင်၊ အသေသဝိရာဂနိရောဓာ - "ဝိရာဂ" မည်သော အရဟတ္တမဂ်ဉာဏ်ဝိဇ္ဇာဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့်။ သင်္ခါရနိရောဓော-သင်္ခါရ ချုပ်၏။ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော-သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏။ ဝိညာဏနိရောဓာ နာမရူပနိရောဓော-ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏။ နာမရူပနိရောဓာ သဠာယတနနိရောဓော-နာမ်ချုပ်ခြင်းကြောင့် သဠာယတန ချုပ်၏။

http://www.dhammadownload.com

သဠာယတနနိရောဓာ ဖဿနိရောဓော–သဠာယတန ချုပ်ခြင်းကြောင့် ဖဿ ချုပ်၏။ ဖဿနိရောဓာ ဝေဒနာနိရောဓော–ဖဿချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်၏။ ဝေဒနာနိရောဓာ–တဏှာနိရောဓော– ဝေဒနာချုပ်ခြင်းကြောင့် တဏှာချုပ်၏။ တဏှာ နိရောဓာ ဥပါဒါန နိရောဓော–တဏှာချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်၏။ ဥပါဒါန နိရောဓာ ဘဝနိရောဓော– ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝချုပ်၏။ ဘဝနိရောဓာ ဇာတိနိရောဓော–ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်၏။ ဇာတိနိရောဓာ ဇရာမရဏ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ–ဇာတိချုပ်ခြင်းကြောင့် အိုခြင်း, သေခြင်း, ပူဆွေး ခြင်း, ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာ ပင်ပန်းခြင်း တို့သည် ချုပ်ကုန်၏။ ဧဝံ–ဤသို့။ ကေဝလဿ– အလုံးစုံသော။ ဧတဿ ဒုက္ခက္ခန္ဓဿ–ဤဒုက္ခအစု၏။ နိရောဓော–ချုပ်ခြင်းသည်။ ဟောတိ–ဖြစ်၏။

ပဋ္ဌာန်း ၂၄ ပစ္စည်း ပါဠိတော်နိဿယ

၅။ ဟေတုပစ္စယော–ဟိတ် ၆–ပါးဖြစ်၍ ပစ္စယုပ္ပန်တရား တို့အား အမြစ်သဖွယ် ကျေးဇူးပြုတတ်သောတရား။

http://www.dhammadownload.com

အာရမ္မဏပစ္စယော–အာရုံ ၆–ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ အဓိပတိပစ္စယော–အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရား။ အနန္တရပစ္စယော–အခြားမဲ့ (တစ်ဆက်တည်း, အကြားမရှိ) ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။ သမနန္တရပစ္စယော–ကောင်းစွာ အခြားအခြားမရှိ (တစ်ဆက်တည်း အကြားမရှိ) ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ သဟဇာတပစ္စယော–အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သော တရား။ အညမညပစ္စယော–အချင်းချင်း အပြန်အလှန်ကျေးဇူးပြုတတ်သောတရား။ နိဿယပစ္စယော–မှီရာတည်ရာဖြစ်၍ကျေးဇူးပြုတတ်သောတရား။ဥပနိဿယပစ္စယော–အားကြီးသောအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ပုရေဇာတပစ္စယော–ရှေးဦးဖြစ်နှင့်၍ကျေးဇူးပြုတတ်သောတရား။ ပစ္ဆာဇာတပစ္စယော–နောက်မှဖြစ်၍ကျေးဇူးပြုတတ်သောတရား။အာသေဝနပစ္စယော– အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ကမ္မပစ္စယော–စီရင်ခြင်း သံပိစာနကိစ္စနှင့် မျိုးစေ့ဖြစ်စေခြင်း ဗီဇစာနကိစ္စဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ဝိပါကပစ္စယော–အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ အာဟာရ

http://www.dhammadownload.com

ပစ္စယော–ထောက်ပံ့ခိုင်ခံ့စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ဣန္ဒြိယပစ္စယော–အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။ ဈာနပစ္စယော–ကပ်၍ ရှုးရှူးစိုက်စိုက် ရှုတတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။ မဂ္ဂပစ္စယော–ထွက်မြောက်ကြောင်း နည်းလမ်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ သမ္ပယုတ္တပစ္စယော–ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ဝိပ္ပယုတ္တပစ္စယော–မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ အတ္ထိပစ္စယော–ပစ္စုပ္ပန်၌ ထင်ရှားရှိဆဲဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ နတ္ထိပစ္စယော–မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ဝိဂတပစ္စယော – ကင်းမဲ့ချုပ်ပျောက်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ အဝိဂတပစ္စယော–မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

ဥဒါန်းကျူးဂါထာတော်နိဿယ

၆။ အာတာပိနော–ကိလေသာစု မာရ်ညစ်ကြူကို တစ်ခုမှမကျန် ပယ်လှန်သတ်ဖြတ် ပူပန်စေတတ်သော လုံ့လဥဿာဟ ရှိထသော။ ဈာယတော–မကောင်း့ထိုထို

http://www.dhammadownload.com

အကုသိုလ်ကို သဂြိုဟ်မြိုက်သတ် လောင်ကျွမ်းတတ်သော။ ဗြဟ္မဏာသ–မကောင်းမှုကို အပပြုအပ်ယောကျ်ားမြတ်အား။ ယဒါ ယသ္မိံ ကာလေ–ကြောင်း, ကျိုး, နှစ်ရပ် ပြည့်လတ်ညီလာ အကြင်အခါ၌။ ဓမ္မာ–သပစ္စယ ဓမ္မတွင်မည် နှစ်လီပိုင်းခြားရုပ်, နာမ်တရားတို့သည်။ ဟဝေ–ဧကန္တေနံ၊ စင်စစ်အားဖြင့်။ ပါတု ဘဝန္တိ–ထင်ရှားမှန်စွာ ဖြစ်ပေါ်လာကုန်၏။ အထ–ထိုသို့ ထင်ရှားမှန်စွာ ဖြစ်ပေါ်လာသော အခါ၌။ အဿ ဗြာဟ္မဏဿ– မကောင်းမှုကို အပပြုအပ် ထိုယောကျ်ားမြတ်အား။ သဗ္ဗာ–အလုံးစုံကုန်သော။ ကင်္ခါ–တစ်ဆယ့်ခြောက်ပါး ယုံမှားတတ်စွာ ကင်္ခါခေါ်ကြား ဝိစိကိစ္ဆာ တရားတို့သည်။ ဝပယန္တိ–နေရောင်တွေ့ထိ နှင်းပျောက်ဘိသို့ မှတ်သိမသွေပျောက်ပျက်လေကုန်၏။ ယတော–အကြင်ကြောင့်။ သဟေတု ဓမ္မံ–အကြောင်းဆက်စပ် မနားမရပ် ပြုပြင်အပ်ဘိ သဘောရှိစွာ့ သဟေတု ဓမ္မကို။ ပဇာနာတိ–အပြားအားဖြင့် သိ၏။

၇။ အာတာပိနော–ကိလေသာစု မာရ်ညစ်ကြူကို တစ်ခုမကျန် ပယ်လှန်သတ်ဖြတ် ပူပန်စေတတ်သော လုံ့လဥဿဟ ရှိထသော။ ဈာယတော–မကောင်းထိုထို

အကုသိုလ်ကို သဂြိုဟ်မြှိုက်သတ် လောင်ကျွမ်းတတ်
သော။ ဗြာဟ္မဏဿ–မကောင်းမှုကို အပပြုအပ်
ယောကျာ်းမြတ်အား။ ယဒါ ယသ္မိံကာလေ–ကြောင်း,
ကျိုးနှစ်ရပ် ပြည့်လတ်ညီညာ အကြင်အခါ၌။ ဓမ္မာ–
သပစ္စယ ဓမ္မတွင်မည် နှစ်လီပိုင်းခြား ရုပ်,နာမ်တရား
တို့သည်။ ဟဝေ ဧကန္တေန–စင်စစ်အားဖြင့်။ ပါတု
ဘဝန္တု–ထင်ရှားမှန်စွာ ဖြစ်ပေါ်လာကုန်၏။ အထ–
ထိုသို့ ထင်ရှားမှန်စွာ ဖြစ်ပေါ်လာသော အခါ၌၊
အဿ ဗြာဟ္မဏဿ–မကောင်းမှုကို အပပြုအပ် ထို
ယောကျာ်းမြတ်အား။ သဗ္ဗာ–အလုံးစုံကုန်သော။
ကင်္ခါ–တစ်ဆယ်ခြောက်ပါး ယုံမှားတတ်စွာ· ကင်္ခါ
ခေါ်ကြား ဝိစိကိစ္ဆာတရားတို့သည်။ ဝပယန္တိ–နေရောင်
တွေ့ထိ နှင်းပျောက်ဘိသို့ မှတ်သိမသွေ ပျောက်ကင်း
လေကုန်၏။ ယတော–အကြင်ကြောင့်။ ပစ္စယာနံ–
အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏။ ခယံ–
ကုန်ရာဌာန နိရောဓမှန် မြတ်နိဗ္ဗာန်ကို။ အဝေဒိ–
ဉာဏ်အထွတ်ရောက် မျက်မှောက်မသွေ သိမြင်ရပေပြီ။

၈။ အာတာပိနော–ကိလေသာစု မာရ်ညစ်ကြုကို တစ်ခု
မကျန် ပယ်လှန်သတ်ဖြတ် ပူပန်စေတတ်သော လုံ့လ
ဥဿာဟ ရှိကသော။ ဈာယတော–မကောင်းထိုထို

အကုသိုလ်ကို သင်္ဂြိုဟ်မြိုက်သတ် လောင်ကျွမ်းတတ်သော။ ဗြာဟ္မဏဿ-မကောင်းမှုကို အပပြုအပ် ယောကျ်ားမြတ်အား။ ယဒါ ယသ္မိံကာလေ-ကြောင်း, ကျိုးနှစ်ရပ် ပြည့်လတ်ညီညာ အကြင်အခါ၌။ ဓမ္မာ-သင်္ခတာ-သင်္ခတ ဓမ္မအပြား ဉေ ယျဓမ်တရားတို့သည်။ ပာဝေ-ဧကန္တေန၊ စင်စစ်အားဖြင့်။ ပါတု ဘဝန္တိ-ထင်ရှားမှန်စွာ ဖြစ်ပေါ်လာကုန်၏။ ဿော ဗြာဟ္မဏော၊ မကောင်းမှုကို အပပြုအပ် ထိုယောကျ်ားမြတ်သည်၊ အန္တလိက္ခ-ရေးခြစ်မထင် ထက်ကောင်းကင်အလုံးကို။ ဩဘာသယံ-ဩဘာသယန္တော-မိုက်မှောင်တစ်သင်း လွင့်ပျောက်ကင်းအောင် ထွန်းလင်းအသရေ တောက်ပစေလျက်။ တိဋ္ဌန္တော-အလျှံထွန်းလှစ် တက်သစ်သော။ သူရိယောဝ-ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ရောင်ဝါထွန်းလင်း ရှင်နေမင်းကဲ့သို့။ မာရသေနံ-မာရ်စစ်သည် အပေါင်းတို့ကို။ ဝိဓူပယံ-ဝိဓူပယန္တော-အရဟတ္တမဂ် ဉာဏ်သံလျက်ဖြင့် တိုက်ဖျက်မသွေ ပျောက်ပျက်စေလျက်။ လောကဓာတုံ-လူ, နတ်, ဗြဟ္မာ သုံးဖြာသတ်မှတ် လောကဓာတ်ကို။ ဩဘာသယံ ဩဘာသယန္တော-ရှိန်စော်တန်ခိုး ရောင်ဝါတိုး၍ တင့်ဖြိုးကျက်သရေ ထွန်းလင်း

http://www.dhammadownload.com

တောက်ပစေသည်ဖြစ်၍။ တို့ှတို၊ ဒြပ်အထည် မပြတ်တည်ပါစေ၏။

ဗုဒ္ဓါဘိသေက ဂါထာတော် နိဿယ

၉။ သက္ကျာနံ-သာကီဝင်မင်းတို့၏။ နန္ဒိဝဍ္ဎနော-နှစ်သက်ခြင်းကို ပွားစေသော ဘုရားအလောင်းတော်သည်။ ဗောဓိယာ-ဗောဓိညောင်ပင်၏။ မူလေ-အရင်းဖြစ်သော အပရာဇိတပလ္လင်တော်၌၊ ဇယန္တော-မာရ်ငါးပါးကို အောင်မြင်တော်မူလေ၏။ ဧဝမေဝ-ဤအတူသာလျှင်။ ဘဝမ္ပိ-ဥဒ္ဒိဿစေတီဟု ဆိုအပ်သော အရှင်ဘုရားသည်လည်း။ ဇယော-အောင်ခြင်းသည်။ ဟောတု-ဖြစ်ပါစေသတည်း။ ဇယမင်္ဂလေ-အောင်အပ်သော မင်္ဂလာအပေါင်း၌၊ ဇယဿု-အောင်တော်မူပါစေသတည်း။

၁၀။ သဗ္ဗဗုဒ္ဓါနံ-ခပ်သိမ်းသော ဘုရားရှင်တို့၏၊ အဘိသေကေ-အဘိသိက်ခံတော်မူရာဖြစ်သော။ ပထဝိ-ပုက္ခလေ-သန့်ရှင်းစင်ကြယ်သော မြေအပြင်ဖြစ်သော။ သီသေ-ဦးခေါင်းသဖွယ် အထွတ်အထိပ်ဖြစ်သော။ အပရာဇိတပလ္လင်္ကေ၊ အပရာဇိတ ပလ္လင်တော်၌။ အဂ္ဂပ္ပတ္တော-အမြတ်ဆုံးအဖြစ်သို့ ရောက်တော်မူသော

http://www.dhammadownload.com

မြတ်စွာဘုရားသည်။ ပမောဒတိ–ဝမ်းမြောက်တော်မူ၏။ ပမောဒတိ–လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့ကို ငါကယ်ရတော့မည် စိတ်ကရည်၍ အတုမရှိ ဝမ်းမြောက်တော်မူလေ၏။

ဧဝမေဝ–ဤအတူသာလျှင်။ ဘဝမ္ပိ–ဥဒ္ဒိဿ စေတီဟု ဆိုအပ်သော အရှင်ဘုရားသည်လည်း။ ပမောဒတု–သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ ဝမ်းအမြောက်ကြီး ဝမ်းမြောက်တော်မူပါစေသတည်း။

(ဝါ) ဝမ်းမြောက်တော်မူပါဘုရား။

မှတ်ချက်။ ။ အဆုံး၌ "တံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ သက္ကစ္စံ" ဆို၍ ရှိခိုးလိုက်လျှင် အနေကဇာတင် ဗုဒ္ဓါ ဘိသေက ဘုရားရှိခိုးကြီး ဖြစ်သွားပါလေတော့သည်။

ဗုဒ္ဓါဘိသေက မင်္ဂလာ

အနေကဇာတင် ပါဠိအနက်ပြီး၏။

http://www.dhammadownload.com

အစိမ္တေယျ ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) အစိန္တေယျ၊ အပ္ပမေယျ၊ သေဋ္ဌဇေဋ္ဌ၊ အတုလ ပရမံ၊ အရပံ ဘဂဝါ၊ သမ္မာသမ္ဗုဒ္ဓ၊ အနုတ္တရ မာရဇိ၊ တိလောကန္တဂူ၊ သဿဿာ ဓမ္မိဿရ ဤသို့သော အသချေယျ၊ နာမတံဆိပ်၊ ဂုဏ်ဝိသိဋ္ဌဖြင့်၊ ဇမ္ဗူဒိပ်မှတက်၍၊ ဘဝဂ်တိုင် ကြေငြာလျက်၊ ကာမရူပ၊ အရူပဟု၊ ဩကာသသုံးရပ်၊ လောကဓာတ်၌၊ အမြတ်ထက် အမြတ်၊ သမိုက်အပ်သော၊ လူ, နတ်, ဗြဟ္မာ၊ မဟာကဝိန်၊ သုခမိန်တို့သည်၊ ပညာနွေ ရှိတိုင်းဖြင့်၊ ခြားပိုင်းတွက်ကျူး၍၊ မဆုံးမကုန်နိုင်၊ မကြံစည် နိုင်၊ မအံ့ဩနိုင်၊ ပြည့်လျှိုင်ထွေပြား၊ များပြားကျယ်ဝန်းသော၊ ကျေးဇူးတော်အပုံ၊ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူပေ ထသော။

(၂) အမျိုးဖြင့် မြတ်သောသူ၊ ဘုန်းဖြင့် မြတ်သော သူ၊ ဂုဏ်ဖြင့် မြတ်သောသူတို့သည် မာန်မူဖက်ပြိုင်ခြင်းငှာ၊ မထိုက်၊ မကိုင်မူမဂ်လာ ဤကမ္ဘာ၌၊ ပဌမာဒိက၊ ဘူမိပါလ၊ အာဒိစ္စဂိုဏ်း၊ တိုင်းပြုပြည်ပြု၊ သမ္မုတိဒေဝရာဇ်၊ နေနွယ်ဖြစ်၍၊ စင်စစ် အမျိုးတော်အားဖြင့် မြတ်သောဇာတိ မဟာတ္တဂုဏ်။

http://www.dhammadownload.com

သုံးဘုံရပ်လုံး၊ ညွှတ်ရုံးကော်ရော်၊ ပူဇော်ဦးညွှတ်ရာဖြစ်၍၊ စင်စစ် ဘုန်းတော်အားဖြင့် လွန်မြတ်သော ပုညမဟတ္တဂုဏ်။

ဝသုန်သေလာ၊ အဏ္ဏဝါကို၊ မြူလွှာပြုလျက်၊ နှိုင်းတုစက်လည်း၊ ကျေးဇူးနက်တိုင်၊ မကုန်နိုင်ဖြစ်၍၊ စင်စစ် ဂုဏ်တော်အားဖြင့် မြတ်သောဂုဏမဟတ္တဂုဏ်။

ဤသုံးစုံကြောင့်၊ လူ့ဘုံနတ်ဗြာန်၊ နှစ်နိုင်ငံ၌၊ ပြိုင်စံယှဉ်ဖော်၊ မပေါ်မဖြူတစ်ဆူတည်းသော၊ အပ္ပဋိပုဂ္ဂိုလ်ဖြစ်တော်မူထသော။

(၃) ဇမ္ဗူ့ကျက်သရေ၊ ချက်မြေဘူမိ၊ အပရာဇိခရိုင်၊ ညောင်မဏ္ဍိုင်ကို၊ စိုးပိုင်တော်မူအံ့သော ကာလ၌၊ ကာမလောကဓာတ်၊ ခနစ်ရပ်လုံး၊ ဆတ်ဆတ်လှိုက်ခုန်၊ တုန်ဘနန်းမျှ၊ သန်းအကုဋေ၊ နတ်ဗိုလ်ခြေနှင့်၊ မိုးမြေကြည်းဟီး၊ ပဲ့တင်တီးအောင်၊ ဖျက်ဆီးလုယက်လာသော၊ မေခလာဂီရိ၊ တောင်တရှိမျှ၊ ပြောင်ကြီးသေဌ်နင်း၊ မာရ်နတ်မင်းကို၊ ဖြည့်တင်းတော်မူခဲ့သော ပါရမီဉာဏ်၊ ကံသမ္ဘာရှိန်၊ ဝရဇိန်လျှံပြောင်၊ ရွှေဘုန်းရောင်ဖြင့်၊ မှောင်မဝင်ခင်၊ အောင်မြင်တော်မူ၍၊ ကိလေသာစက်၊ သုံးထောင်ဝက်ကို၊ ဖြိုဖျက်တိုက်လှန်ခြင်းငှာ၊ အာနာပါန ဘာဝနာဖြင့်၊ ရူပါဝစရ၊ အရူပါဝစရ၊ စတုတ္ထသမာပတ်တို့ကို၊ အာဝဇ္ဇနဝသီ, သမာပဇ္ဇနဝသီ,

http://www.dhammadownload.com

ပစ္စဝေက္ခဏာဝသီ, အဓိဋ္ဌာနဝသီ, ဝုဋ္ဌာနဝသီတည်းဟူသော ဝသီဘော်ငါးတန်ဖြင့် အဖန်ဖန် လေ့လာတော်မူပြီးလျှင်။

ရှေးတိုးကာလ၊ ဘဝရှည်ကျူး၊ ဖြစ်ဖူးသမျှ၊ ဒေသရပ်ရွာ၊ ခန္ဓာပင်စည်၊ အမည်, အမျိုးစသော ပရမတ်, ပညတ်တို့ကို တပ်အပ် သိစွမ်းနိုင်သော ပုဗ္ဗေနိဝါသဉာဏ်။

သုံးတန်ဘုံသား၊ အများသတ္တ ဝေနေယျတို့၏၊ ကမ္မဂတိ၊ စုတိပဋိသန်၊ လားရန်ဌာနနှင့်တကွ၊ ဒူရ, ပဋိစ္ဆန္န၊ သဏှ, သုခုမဖြစ်သော ရူပါရုံကို အကုန်မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်။

လေးတန်သြဃ၊ အာသဝနှင့်၊ ယောဂ, ဂန္ထ၊ လေးဖြာဥပါဒါန်၊ ခြောက်တန်နီဝရဏ၊ အနုသယခုနစ်အင်၊ သံယောဇဉ်ဆယ်တန်၊ ခြံရံလျက်သား၊ များစွာသော အကုသိုလ်၊ ဗိုလ်ခြေစစ်သည်တို့ကို ကွပ်ကဲသော၊ သူရဲကိလေသာ၊ ထောင့်ငါးရာတို့ကို၊ စင်စွာပယ်ဖြတ်၊ အလွန်မြတ်သောကြောင့်၊ အရဟတ္တမဂ္ဂ အမည်ရသော အာသဝက္ခယဉာဏ်။

ဤသုံးတန်သော ဝိဇ္ဇာ၊ ခွဲစိတ်ဖြာသော် ဝိဇ္ဇာရှစ်ပါးနှင့် ပြည့်စုံတော်မူသဖြင့် သယမ္ဘူအထွတ်၊ လူတမွတ်ဟု၊ မချွတ် သမိုက်အပ်ထသော။

(၄) ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဟူ သမျှတို့၊ ရခြင်းငှာ မထိုက်၊ သုံးတိုက်ဘုံသား၊ အများသတ္တာ၊ ဝေနေယျပုဂ္ဂိုလ်

http://www.dhammadownload.com

တို့၏။ အလိုဆန္ဒ၊ အာသယ ကိန်းဟန်ကို ကောန်သိမြင်နိုင်သော အာသယာနုသယဉာဏ်။

ဣန္ဒြေရင့်, မရင့်ကို၊ ထောက်ချင့်သိစွမ်းနိုင်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်။

ပရမတ်, ပညတ်၊ အရပ်ရပ်လုံးစုံကို၊ အကုန်အစင် သိမြင်နိုင်သော သဗ္ဗညုတဉာဏ်။

သင်္ခါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ်တည်းဟူသော၊ ဉေယျမံငါးအင်ကို သိမြင်တော်မူရာ၌ ဆီးကာပိတ်ပင်ခြင်း မရှိသော အနာဝရဏဉာဏ်။

ယမိုက်ပြာဋိဟာ၊ လွှတ်ခြင်းအရာ၌၊ လေ့လာတော်မူနိုင်သော ယမကပါဋိဟာရိယဉာဏ်။

သနားထိုက်လှစွာသော၊ ဝေနေယျ သတ္တဝါတို့ကို၊ လွန်စွာသနားတော်မူသော မဟာကရုဏာ သမာပတ္တိဉာဏ်။

ဤခြောက်တန်သော၊ ဆအသာဓာရဏ၊ ဉာဏ လျှံပြောင်၊ မြတ်တန်ဆောင်ကို ညိုထောင်ထွန်းစိုက်တော်မူသည်ဖြစ်၍၊ ပေးနီး စကြဝဠာ၊ သမန္တာရပ်၊ လောကဓာတ်တို့ကို၊ ဆုတ်ခပ်ထင်ထင်၊ ရှုမြင်တော်မူနိုင်သော၊ ပသာဒစက္ခု, ဉာဏစက္ခု, ဒိဗ္ဗစက္ခု, ဗုဒ္ဓစက္ခု, သမန္တစက္ခုတည်းဟူသော မျက်စိတော်ငါးလုံးဖြင့် အဆုံးမဲ့မြင်တော်မူပြီးထသော။

http://www.dhammadownload.com

(၅) ပလ္လင်, အနိမိသ၊ စင်္ကမ မှသည်၊ စတုတ္ထ သတ္တာဟဝယ်၊ ရတနာ့ရွှေအိမ်၊ ချမ်းရိပ်ငြိမ်၌၊ မွေ့သိမ် စမွှာယ်တော်မူကာ အဘိဓမ္မာ ခုနစ်ကျမ်းတွင်၊ ပဋ္ဌာန်းဒေသနာ ကို လေ့လာဆင်ခြင်တော်မူသော၊ အာနုဘော်တော်ကြောင့်၊ အသွေးတော် အသားတော်၊ အရိုးတော်စု၊ ဝတ္ထုပသာဒ်နှဲ့ အလုံးမှ၊ပြိုးပြိုးပြိုးပြက်၊ ရိုးရိုးရက် တောက်ပလျက်၊ နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘဿရာ၊ မိလ္လာရည် လို၊ ဖိတ်ဖိတ်ယိုမျှ၊ ညိုသောရောင်ခြည်တော်။

ဖဲကတ္တိပါ၊ ဂိဝါလျှပ်ပြေ၊ ရွှန်းရွှန်းဝေမျှ၊ ရွှေသော ရောင်ခြည်တော်။

ကသစ်ခေါင်ရန်း၊ ပန်းကြက်မောက်ပီ၊ တွေးတွေးချီမျှ၊ နီသော ရောင်ခြည်တော်။

သာခွာဘော်ကြူ၊ ဖွေးဖွေးလူသကဲ့သို့၊ ဖြူသောရောင် ခြည်တော်။

ပြာလျှံ၊ ညိုလျှံ၊ ခိုလျှံစုပေါင်း၊ ရွှမညောင်းမျှ၊ မောင်း သော ရောင်ခြည်တော်။

ထွန်းပေါ်ဝင်းဝင်း၊ ထိန်လင်းစက်စက်၊ လျှပ်စစ် လက် သကဲ့သို့၊ ပြိုးပြိုးပြက်သော ရောင်ခြည်တော်တည်းဟူသော၊ ရောင်ခြည်တော်ခြောက်ဆိုင်ကို၊ တစ်ပြိုင်တည်း ကွန့်မြူးစေ လျက်၊ လ နေ အတိ၊ လျှံငြိပြောင်ပြောင်၊ ဗိမာန်ရောင်နှင့်၊

http://www.dhammadownload.com

သောင်းထောင် စကြဝဠာ၊ ထွန်းလင်းဖြာသော ဗြဟ္မာကြီး တို့၏၊ ကိုယ်ရောင်ကိုလျက်၊ နှိပ်စက်လွှမ်းမိုးနိုင်သော ကိုယ်တော်ရောင်တို့ဖြင့်၊ အထောင် အသောင်းသော လောကဓာတ်တို့ကို၊ တလျှပ်လျှပ် ထွန်းလင်းတော်မူပြီးထသော။

(၆) ပရဗိုဇ် တက္ကတွန်း၊ ရဟန်းရသေ့၊ မုနေ့အရည်း၊ ဦးပြည်းတပသီ၊ ဗေရာဂီတို့၏၊ ဝါဒီအလိုက်၊ စရိုက်ဘာဝ၊ ကျင့်ဆောင်ကြသော သာသနာ့ဗာဟိ၊ လောကီသီလတို့ထက်၊ ဆတက်ထောင်ရာ၊ သာလွန်ဘိသဖြင့်၊ အဓိသီလဟု သမုတ်အပ်သော၊ အာပတ်ခုနစ်ပုံကို၊ လုံခြုံစွာ စောင့်ကြောင်းဖြစ်သော၊ ပါတိမောက္ခသံဝရ။

ဣန္ဒြေခြောက်ပါးကို တားမြစ်ပိတ်ပင်ကြောင်းဖြစ်သော ဣန္ဒြိယသံဝရ။

မိစ္ဆာဇီဝမှ ကြဉ်ရှာလျက်၊ စင်ကြယ်စွာ အသက်မွေးကြောင်းဖြစ်သော၊ အာဇီဝပါရိသုဒ္ဓိသီလ။

ပစ္စည်း ၄-ဖြာကို၊ ပစ္စဝေက္ခဏာတင်၍ သုံးသပ်ဆင်ခြင်ခြင်းတည်းဟူသော၊ ပစ္စယသန္နိဿိတသီလ။

ဤလေးဝသော၊ စတုပါရိ သုဒ္ဓိတံခွန် အလွန်ဖြူစင်၊ မြူမတင်ခြင်းတည်းဟူသော သီလဝိသုဒ္ဓိ။

မဟဂ္ဂုတ် လောကုတ္တရာ ဈာန်၌သာလျှင်၊ မြဲမြံစွာ လေ့လာခြင်းတည်းဟူသော စိတ္တဝိသုဒ္ဓိ။

http://www.dhammadownload.com

ခြောက်ဆယ့်နှစ်ဖြာသော၊ မိစ္ဆာဝါဒီ၊ ဝိတဏ္ဍီ ညစ်ကြေးမှု၊ ကင်းဆေး စင်ဖြူလျက်၊ အယူ၏ စင်ကြယ်ခြင်း တည်းဟူသော၊ ဒိဋ္ဌိဝိသုဒ္ဓိ။

၁၆ ပါးသော၊ ယုံမှားသကင်္ခာကို၊ ဖြတ်ခွါလွန်မြောက်နိုင်သော၊ ဉာဏ်၏စင်ကြယ်ခြင်းတည်းဟူသော၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ။

မဂ်ဟုတ်သည်, မဟုတ်သည်ကို မြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းတည်းဟူသော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

မဂ်သို့ရောက်ကြောင်း၊ အကျင့်ကောင်းကို၊ မြင်နိုင်သော၊ ဉာဏ်၏စင်ကြယ်ခြင်းတည်းဟူသော၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။

မဂ် ၄-ရပ်နှင့်၊ သဟဇာတ် သမ္ပယုတ်ဖြစ်၍၊ သစ္စာ ၄-တန်ကို၊ ၁၆-နက် ဝေဖန်၍၊ ဇကန်သိမြင်နိုင်သော၊ ဉာဏဒဿနဝိသုဒ္ဓိတည်းဟူသော၊ ဝိသုဒ္ဓိ ခုနစ်ပါး၊ တရားဘွဲ့ဖြူ၊ သရဖူမကိုဋ်၊ ဦးစိုက်မင်္ဂလာ၊ မြတ်တန်ဆာကို၊ တင့်တယ်စွာ ဆင်ယင်လျက်။

တဒင်္ဂဝိမုတ္တိ, ဝိက္ခမ္ဘနဝိမုတ္တိ, သမုစ္ဆေဒဝိမုတ္တိ, ပဋိပဿမ္ဘနဝိမုတ္တိ, နိဿရဏ ဝိမုတ္တိတည်းဟူသော ဝိမုတ္တိ ငါးရပ်၊ တရားမြတ်ကြောင့်၊ လောကဓာတ်အလုံး၊ ညွှတ်ကျိုး ပူဇော်ရာ၊ အာဂါရမုနိ, အနာဂါရမုနိ, သေက္ခမုနိ, အသေက္ခ

http://www.dhammadownload.com

မုနိ, ပစ္စေကမုနိတို့ထက်၊ ကဲတက်လွန်မြတ်စွာ၊ မုနိန္ဒာဘိပဝရ အတုလမုနိလည်း ဖြစ်တော်မူပေထသော။

(၇) ဂဂ်ါဝါဠူ၊ သဲစုမြူဟာန်၊ ပမာတန်ကဲ့သို့၊ အနန္တဂူ၊ နိဗ္ဗာန်ယူကုန်သော၊ ဆူဆူမြတ်စွာ၊ စောသတ္တာတို့၏၊ သွားရာလမ်းကြောင်း၊ စရိုက်ကောင်းမူလ ဖြစ်သော၊ သီလသံဝရ, ဣန္ဒြိယသံဝရ, ဘောဇနေမတ္တညုတာ, ဇာဂရိယာနုယောဂ, သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာ, လေးဖြာသော ဈာန်တည်းဟူသော၊ စရဏတရား၊ တစ်ဆယ့်ငါးပါးတို့ကို။ အားသစ်ကျင့်ဆောင်တော်မူသဖြင့်၊ သယမ္ဘူတကာ၊ ပြည့်စုံရာသား၊ နာနာကုလတို့၏၊ ဝေါဟာရသဒ္ဒါအနက်ကို၊ အချက်ကျ သိနိုင်သော အတ္ထပဋိသမ္ဘိဒါ။

ဝါစာဂီရတ်၊ နှုတ်သံလွှတ်က၊ ဇာတ်တူတူ, မတူတူ, ဘာသာဟူသမျှကို၊ ဧကန္တသိစေနိုင်သော၊ ဓမ္မပဋိသမ္ဘိဒါ။

တစ်ခုတစ်ခုသော ပုဒ်အကွေ့၊ သဒ္ဒါ၏အလိုကို၊ ဝိဂ္ဂြိုဟ်ဝစနတ်, ဓာတ်, ပစ္စည်း, လိင်, အန်ဖြင့်၊ ဝေဖန်၍ သိနိုင်သော နိရုတ္တိပဋိသမ္ဘိဒါ။

ကိုယ်တော်သိသမျှ တရားကို၊ သူတပါးသိစိမ့်သောငှာ၊ သဒ္ဒါ, ပညတ်သို့တင်၍၊ စုံလင်စွာ မြွက်ဆိုတတ်သော၊ ပဋိဘာန ပဋိသမ္ဘိဒါ တည်းဟူသော ပဋိသမ္ဘိဒါလေးပါး။

http://www.dhammadownload.com

ဣန္ဒြိယ, ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မူပဂ, အနာဂတံသတည်းဟူသော အဘိညာဉ်ခုနစ်ပါး။

ရူပဈာန်လေးရပ်၊ အရူပဈာန်လေးရပ်အားဖြင့် သမာပတ်ရှစ်ပါး၊ ကျေးဇူးတော် ဟာစ်ဆယ့်ရှစ်ပါး၊ ထူးပြားဆန်းကြယ်၊ အံ့ဖွယ်တော်တစ်ဆယ့်ရှစ်စုံ၊ ထိုမျှဂုဏ်ကို အုပ်ခြုံစိုးပိုင်တော်မူပြီးထသော။

(၈) ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ် ဤငါးတန်တို့ကို တိုက်လှန်ဖြိုခွဲ၍၊ အောင်ပွဲယူနိုင်၊ ရဲခေါင်တိုင်သော ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာ သတိပဋ္ဌာန်, စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန်တည်းဟူသော သတိပဋ္ဌာန်လေးပါး။

ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်း၊ မဖြစ်သေးသော အကုသိုလ်ကံကို တစ်ဖန်အသစ် မဖြစ်စေခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပွားအောင် လုံ့လပြုခြင်း ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ကြီးပွားစည်ပင် စိမ့်သောငှာ လွန်စွာ လုံ့လပြုခြင်းတည်းဟူသော သမ္မပ္ပဓာန်လေးပါး။

http://www.dhammadownload.com

ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ် တည်းဟူသော ဣဒ္ဓိပါဒ်လေးပါး။

သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ တည်းဟူသော ဣန္ဒြေငါးပါး။

သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်တည်းဟူသော ဗိုလ်ငါးပါး။

သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်တည်းဟူသော ဗောဇ္ဈင် ခုနစ်ပါး။

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ တည်းဟူသော မဂ္ဂင်ရှစ်ပါး။

ဤသို့အားဖြင့် ပိုင်းခြင်းတွက်ဖွဲ့၊ သုံးဆယ့်ခုနစ်ရပ်၊ အလွန်မြတ်သော၊ ဗောဓိပက္ခိယ၊ ဓမ္မအကျော် ရဲမက်တော်တို့ကို၊ ကိုယ်ရံတော်ကြီး၊ ဦးစီးဗိုလ်ချုပ်တင်လျက်၊ အသချေချေ၊ တွက်ရေမဆုံး၊ ပတ်ကုံးကီလေသာ၊ မာရ်ဗိုလ်ပါတို့ကို၊ ဆံလွှာမကြွင်းအောင်၊ ခုတ်စဉ်းတိုက်သိမ်း၊ အငြိမ်းအောင်မြင်တော်မူသဖြင့် အသခ်တ၊ ခေမရွှေဘုံ၊ ဓမ္မာရုံသဘင်၊ မြိုက်နန်းခွင်၌၊ ဦးကင်စွင့်စွင့်၊ ဖွင့်တော်မူပြီးထသော။

http://www.dhammadownload.com

(၉) လေးအသင်္ချေ၊ လွန်လေတစ်သိန်း၊ တွက်ကိန်းများလှ၊ ကပ်ထိုမျှ၌၊ လုံ့လကြီးပမ်း၊ ဖြည့်စွမ်းဆည်းပူးတော်မူခဲ့သော၊ ဒါနပါရမီ, သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, မေတ္တာပါရမီ, အဓိဋ္ဌာန်ပါရမီ, ဥပေက္ခာပါရမီ, ဆယ်လီသုံးစုံ ကုသိုလ်ဟုန်ကြောင့်၊ လူ့ဘုံစံပျော်၊ အလောင်းတော် ဖြစ်ခါစပင်၊ ကာဠာဝက, ဂင်္ဂေယျနှင့်, ပဏ္ဍရ, တမ္ဗ, ပိင်္ဂလ, ဂန္ဓ, မင်္ဂလ, ဟေမ, ဥပေါသထ, ဆဒ္ဒန်၊ ဤဆယ်တန်သော ဆင်မျိုးတို့၏၊ ဆယ်ဆတက် ဆယ်ဆတက်စီသောအားကို ဆောင်နိုင်သည်ဖြစ်၍၊ ယောကျ်ားဗိုလ်ခြေ၊ ကုဋေတစ်သောင်းတို့၏၊ ကာယဗလ၊ ဌာနာဌာန ကောသလ္လဉာဏ်, ဝိပါကဉာဏ်, သဗ္ဗတ္ထ ဂါမိနီဉာဏ်, နာနာဓာတုဉာဏ်, အဓိမုတ္တိဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်, ဈာနာဒိသံကိလေသဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်တည်းဟူသော ဆယ်ပါးသော ဉာဏဗလကို ရတော်မူသည်ဖြစ်၍၊ လူ့ပြည်နတ်ရပ်၊ ခေတ်သုံးထပ်ကို၊ အုပ်ကွပ်စိုးပိုင်၊ နိုင်တော်မူခြင်းတည်းဟူသော၊ ဣဿရိယ ဘုန်းတော်။

လောကုတ္တရာတရား၊ မြတ်ရှစ်ပါးသို့၊ ထင်ရှားစွာရောက်ခြင်းတည်းဟူသော၊ ဓမ္မဘုန်းတော်။

http://www.dhammadownload.com

နရက်ဘဝင်၊ အောက်ထက်ပြန့်လျှင်၊ သုံးခရိုင်၌၊ အဆုံးတိုင် ကျော်စောတော်မူခြင်းတည်းဟူသော ယသ ဘုန်းတော်။

သုံးဆယ့်နှစ်ပါး၊ သမိုက်ထားသော၊ ယောကျာ်းမြတ်တို့၏ လက္ခဏာ၊ ရောင်ဝါမြတေ၊ ကျက်သရေအပေါင်းတို့နှင့်၊ ပြည့်စုံတော်မူခြင်းတည်းဟူသော၊ သိရီဘုန်းတော်။

အလိုတော်ရှိသမျှ၊ တစ်ခဏချင်းဖြင့်သာ ပြည့်စုံလာခြင်းတည်းဟူသော၊ ကာမဘုန်းတော်။

နိဗ္ဗာန်ရောက်ရာ၊ ဒေသနာဖြင့်၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူတို့ကို၊ ကြည်ဖြူစွာလှ၊ သင်ဆုံးမသောကြောင့်၊ လောက လုံးကိုးကွယ်ရာ၊ ဆရာအဖြစ်သို့၊ ရောက်တော်မူခြင်းတည်း ဟူသော၊ ပယတ္တဘုန်းတော်။

ဤခြောက်ဖော်သော၊ ဘုန်းတော်အမြတ်၊ ဂုဏ်အရပ်ဖြင့်၊ လောကဓာတ်လုံး၊ ညွတ်ရုံးညီကာ၊ ကောင်းချီးဩလျက်၊ ဘဂဝါဟူသော၊ ဘွဲ့ပုံတော်အထူးဖြင့်၊ ညွတ်နူးကော်ရော်၊ ပူဇော်ချီးပအပ်သည်လည်း ဖြစ်ထသော။

(၁၀) အမှုဆက္ကသတ၊ ဇာတကကို၊ ပုံပြသက်သေခံလျက်၊ အနန္တဘဝ၊ ဖြစ်ဖြစ်သမျှတို့၌၊ ဓနပရိစ္စာဂ, ပုတ္တပရိစ္စာဂ, ဘရိယပရိစ္စာဂ, အင်္ဂပရိစ္စာဂ, ဇီဝိတပရိစ္စာဂ တည်းဟူသော စွန့်ခြင်းကြီးငါးအင်ကို မဂ္ဂင်ဖောင်ပျံ စံလို

http://www.dhammadownload.com

သူအပေါင်းတို့ထက်၊ ကဲဆောင်းလွန်မောက်၍၊ အထောက် မတန်ပြုခဲ့သော၊ ဟောတုသမ္ဘဒါ မြတ်သမ္ဘာကြောင့်။

အဏိမာ, လဃိမာ, မဟိမာ, ပတ္တိမာ, ကမ္ဗ, ဤသိတာ, ဝသိတာ, ယတ္ထကာမဝသာယိတာ, ဟူသော ဘာသာမဂဓိရ်၊ ရာဇဂြိုဟ်ဥဒါန်းနှင့်အညီ၊ ရုံသီနေပြောက်၊ ပြတင်းပေါက်၌၊ မြင်လောက်ရုံသာ၊ အဏုမြူပမာ၊ သိမ်မွေ့ စွာသော ကိုယ်တော်ကို ဖန်ဆင်းတော် မူနိုင်ခြင်း။

ရေပြင်မြေမိုး၊ ပျံလျှိုးငုပ်လျှား၊ သွားတော်မူနိုင်ခြင်း။

ကြီးစေလိုက၊ မြင်းမိုရ်ပြန်ရာ၊ ထို့ထက်သာ၍၊ စကြာ ဝဠာတိုက်လုံး၊ လွှမ်းဖုံးပတ်လှည့်၊ ကိုယ်ကော်ပြည့်အောင်၊ တရှိထိုင်တော်မူနိုင်ခြင်း။

မြေထုရေထု၊ နေရုပဗ္ဗတာ၊ သိလာတောင်ထပ်၊ အတွင်း ရပ်ကို၊ ကျဉ်းကြပ်ပိတ်ဆည်းခြင်း မရှိ၊ ပကတိကောင်းကင်၊ ဟင်းလင်းပြင်ကဲ့သို့၊ လျှိုးဝင်ထွင်းဖောက် ကြွရောက်တော် မူနိုင်ခြင်း။

မနောစိတ္တာန်၊ စိတ်တော်ကြံဟိုင်း၊ ကမ္ဘာကမ္ဘ၊ ဟူသမျှ ကို ကုန်ငြေးမြောက်ခြင်း။

သုံးဆယ့်တစ်ဘုံ၊ အလုံးစုံကို၊ အုပ်ချုပ်စိုးပိုင်တော်မူခြင်း။

လောကီဈာန်ရပ်၊ သမာပတ်ကို၊ မပြတ်ဝင်ကာ၊ လို တိုင်းပါအောင်၊ လေ့လာတော်မူနိုင်ခြင်း။

သက်မရှိသည့်၊ ဂိရိဗဟို တောင်မြင်းမိုရ်မှလည်း၊ လိုတော်လိုက်ကာ၊ ညွှတ်ငိုက်လာရခြင်းတည်းဟူသော တန်ခိုးရှစ်ဦး၊ ဘုန်းတော်ထူးဖြင့်၊ အံ့ကျူးပြီးပိုင်၊ မချိုးနိုင်၍၊ တစ်ပြိုင်တည်လျက်၊ တစ်ပြိုင်ပျက်သော၊ စကြဝဠာတိုက်နေ၊ သိန်းကုဋေလုံး၊ ရွှေမုဋ္ဌာန်စွမ်း၊ အာဏာလွှမ်း၍၊ ထဲဝမ်းစိမ့်စိမ့်၊ ကြက်သီးဖိမ့်မျှ၊ ခြိမ့်ခြိမ့်ကြွေးကြော်၊ ပူဇော်ကြရာ၊ သုံးရွာလုံးတန်ဆောင်၊ [illegible]င်းခေါင်းမင်းဖျား၊ မင်းတရားအစစ်လည်း ဖြစ်တော်မူထသော။

(၁၁) လောကသုံးရွာ၊ သတ္တဝါတို့၏ ခန္ဓာရုပ်နာမ်ဝယ်၊ အဖန်ဖန်ကပ်ငြိလျက် ဖိစီးနှိပ်စက်တတ်သော ပီဠန အနက်။

ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပြုပြင်စီရင်တတ်သော သင်္ခတအနက်။

မရောင့်ရဲစွာ သတ္တဝါတို့ကို ဆာလောင်ပူပန်စေတတ်သော သန္တာပ အနက်။

ဇရာ, မရဏ၊ သောက, ပရိဒေဝတို့ဖြင့် ဖောက်ပြန်ပျက်စီးတတ်သော ဝိပရိဏာမ အနက်တည်းဟူသော လေးပါးသော ဒုက္ခသစ္စာ၏ အနက်တို့ကိုလည်းကောင်း၊

အစမထင် သသံရာ၌၊ လူးလာစုံဆန် အဖန်ဖန်သွားလာစေခြင်းငှာ အားထုတ်တတ်သော အာယူဟနအနက်။

http://www.dhammadownload.com

ဝဋ်ဆင်းရဲအပေါင်း၏ အကြောင်းမူလဖြစ်သော နိဒါန အနက်။

ဝဋ်ဆင်းရဲ၌ အမြဲပျော်ရွှင် တမင်မင်ဖြင့် ယှဉ်စေတတ်သော သံယောဂအနက်။

ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကို ဆီးကာတားမြစ်တတ်သော ပလိဗောဓအနက်တည်းဟူသော လေးပါးသော သမုဒယသစ္စာ၏ အနက်တို့ကို လည်းကောင်း။

သံသရာဝဋ်မှ ထွက်လွှတ်ကူးမြောက်ပြီးသောနိဿရဏ အနက်။

ပြုပြင်ရာ သင်္ခါရတို့မှ ဆိတ်သော ဝိဝေက အနက်။

ပြုပြင်ခြင်းကင်းသော အသင်္ခတအနက်။

သေခြင်းစသော ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းချမ်းသာသော အမတ အနက်တည်းဟူသော လေးပါးသော နိရောဓသစ္စာ၏ အနက်တို့ကို လည်းကောင်း။

ဝဋ်ဒုက္ခအပေါင်းမှ ကောင်းစွာ ထွက်မြောက်တတ်သော နိယျာနိက အနက်။

နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော ဟေတုအနက်။

http://www.dhammadownload.com

နိဗ္ဗာန်ကို မြင်တတ်သော ဒဿနအနက်။

သစ္စာလေးမျိုးကို အစိုးရသော အဓိပတေယျ အနက်တည်းဟူသော လေးပါးသော မဂ္ဂသစ္စာ၏ အနက်တို့ကိုလည်းကောင်း။

အကြောင်းအကျိုးအားလျော်စွာ လေးပါးသစ္စာကို ဒဿနာကာရဖြင့် သောဠသ ဝေဖန်၍ ရွှေဉာဏ်ထင်ထင် ရွှေလက်တင် ပတ္တမြားကဲ့သို့ ပိုင်းခြားသိမြင်တော်မူသည့် အလျောက် အထောက်အခံ ကံ ဉာဏ် ကြီးရင့် ပွင့်ထိုက်သော သတ္တဝါ ဝေနေယျာတို့ကို ပွင့်ပါစေ နှလုံးဖြင့် စွေချုန်းထစ်ကြိုး ရှစ်ကိုးနယ်ကုန် သုန်သုန်ပြင်းဖုန် ရွာဖြန်းသွန်သော မေဃဝန်တမျှ ဓမ္မဘေရီ မေဒနီကို နာရီမလပ် လူနှင့်နတ်အား မပြတ်တိုက်ကျွေး ပေးတော်မူပေတတ်သော သုံးရပ်လုံးဆရာ ဒေဝါတိ ဒေဝိန္ဒ ဗြဟ္မာတိ ဗြဟ္မိန္ဒ တိဘဝ ပါရဂူ အဘိဘူပါမောက္ခ အနုတ္တရသင်းကျစ် မဟာဓမ္မရာဇ် မြတ်ရှင်ချစ်ကို အဟံ၊ ကျွန်ုပ်သည်၊ ဝန္ဒေဝန္ဒာမိ၊ ရှိခိုးပါ၏။

ဝန္ဒေဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း၊ ပုံတော်မှန်းလျက်၊ ချီးမွမ်းထောမနာ၊ ပဏာရီကျိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

အစိန္တေယျဘုရားရှိခိုးကြီးပြီး၏။

http://www.dhammadownload.com

ခက်ဆစ်အဖြေ

အပိုဒ် ၁

အစိန္တေယျ	=	မကြံစည်နိုင်သော၊ ကြံတွေး မရနိုင်သော။
အပ္ပမေယျ	=	မနှိုင်းယှဉ်နိုင်သော။
သေဋ္ဌ	=	လောကထက်မြတ်သော။
ဇေဋ္ဌ	=	လောကထက်ကြီးသော။
အတုလ	=	တုဖက်ကင်းသော။
ပရမံ	=	မြတ်သော။
အရဟံ	=	ပူဇော်အထူးကို ခံထိုက်သော။
ဘဂဝါ	=	ဘုန်းခြောက်ပါးနှင့် ပြည့်စုံတော်မူသော။
သမ္မာသမ္ဗုဒ္ဓ	=	အလုံးစုံသောတရားကို မဖောက်မပြန် မှန်ကန်စွာ ကိုယ်တိုင် ထိုးထွင်း၍ သိသော။
အနုတ္တရ	=	မိမိထက် လွန်မြတ်သူ မရှိသော။
မာရဇိ	=	မာရ်ငါးပါးကို အောင်မြင်တော်မူသော။
တိလောကဂ္ဂ ဝူ	=	လောကသုံးပါး၏အဆုံးသို့ ရောက်တော်မူသော။

http://www.dhammadownload.com

သယမ္ဘူ	=	တရာကို ကိုယ်တိုင် သိတော်မူသော။
ဘဝိဿရ	=	ဘဝကို စိုးမိုးတော်မူသော။
အသချေ်ယျနှာမတံဆိပ်	=	မရေမတွက်နိုင်သော အမည်တော်ဘွဲ့တံဆိပ်။
ဂုဏ်ဝိသိဋ္ဌ	=	ဂုဏ်ထူး။
ဇမ္ဗူဒိပ်	=	ကျွန်းကြီးလေးကျွန်းအနက် ဇမ္ဗူဒိပါတောင်ကျွန်း။
ဘဝဂ်	=	သုံးဆယ့်တစ်ဘုံတွင် အထက်ဆုံးဘုံ။
ကာမရူပ၊ အရူပဟု ဩကာသသုံးရပ်	=	ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ ဟူသော သတ္တဝါတို့ တည်နေရာ ဘုံကြီးသုံးရပ်။
လောကဓာတ်	=	စကြဝဠာ လောကကြီး။
သမိုက်အပ်သော	=	သမုတ်အပ်သော။
မဟာကဝိန်	=	ပညာရှိကြီး။
သုခမိန်	=	ပညာရှိ။
ပညိဖြွ	=	ဉာဏ်ပညာ။
ကျေးဇူးတော်အပုံ	=	ကျေးဇူးတော် အများအပြား။

အပိုဒ် ၂

မင်္ဂိုဋ်မင်္ဂလာ	=	ထူးခြားမွန်မြတ်သည့် မင်္ဂိုဋ်သရဖူ။
ပထမာဒိက	=	အစဦးဆုံး။

http://www.dhammadownload.com

ဘူမိပါဒ = မင်း။ (ဤ၌ သမ္မုတမင်းကို ဆိုလိုသည်။)
အာဒိစ္စဂိုဏ်း = နေမျိုးမှ ဆင်းသက်ပေါက်ဖွားလာသော။
သမ္မုတိဒေဝရာဇ် = မင်း။(မင်းကို သမ္မုတိနတ်ခေါ်သည်။)
ဇာတိမဟတ္တဂုဏ် = အမျိုးဇာတ်အားဖြင့် ကြီးမြတ်သောဂုဏ်။
ပုညမဟတ္တဂုဏ် = ဘုန်းတော်အားဖြင့် ကြီးမြတ်သောဂုဏ်။
ဝသုန် = မြေ။
သေလာ = ကျောက်တောင်။
အဏ္ဏဝါ = သမုဒ္ဒရာ။
ဂုဏမဟတ္တဂုဏ် = ဂုဏ်အားဖြင့် ကြီးမြတ်သောဂုဏ်။
အပွင့်ပုဂ္ဂိုလ် = ယှဉ်ဘက်မရှိသောပုဂ္ဂိုလ်။

အပိုဒ် ၃

ဇမ္ဗူ = ဇမ္ဗူဒိပါ လက်ယာတောင်ကျွန်း။
ချက်မြွာဘူမိ = ဇမ္ဗူဒိပ်ကျွန်း၏ အလယ်ဗဟို။
အပရာဇိခရိုင် = အပွရာဇိတပလ္လင်၊ ရန်သူတို့ မအောင်မြင်နိုင်သည့် နေရာထူး။

http://www.dhammadownload.com

ညောင်မဏ္ဍိုင်	=	သဗ္ဗညုတ ဉာဏ်တော်၏ ကြည်ရာဖြစ်သော မဟာဗောဓိ ညောင်ပင်။
ကာမလောကဓာတ်	=	လူ့ဘုံ၊ နတ်ဘုံခြောက်ထပ် ဟူသော ကာမသုဂတိ ခုနစ်ဘုံ။
ကြည်းဟည်း	=	အသံကျယ်စွာ မြည်သည်။
မေခလာဂီရိ	=	မာရ်နတ်၏ ဂီရိမေခလာ မည်သော ဆင်။
မာရ်နတ်	=	နှောင့်ယှက်ဖျက်ဆီးသည့်နတ်။
ပါရမီဉာဏ်	=	ပါရမီဆယ်ပါး ဉာဏ်တော်ကုသိုလ်။
ကံသမ္ဘာရှိန်	=	ကံအဆောက်အဦး အဟုန်။
ဝရဇိန်	=	မိုးကြိုးစက်။
ကိလေသာစက်	=	တစ်ထောင့်ငါးရာကိလေသာ။
သုံးထောင်ဝက်	=	သုံးထောင်၏ တစ်ဝက်။
အာနာပါန ဘာဝနာ	=	ထွက်သက်ဝင်သက်ကို စီးဖြန်းသော ကမ္မဋ္ဌာန်း။
ရူပါဝစရ၊ အရူပါဝစရ	=	ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟူသော ဝင်စားသည့် ဈာန်လေးပါး။
ဝသီဘော်ငါးတန်	=	ဈာန်ကို အထူးသဖြင့် နိုင်နင်းစေရန် အလေ့အကျင့်ပြုမှု ငါးမျိုး။ (၁) အဝဇ္ဇနဝသီ = ထပ်ကာထပ်ကာ ဆင်ခြင်ခြင်း အလေ့အကျင့်။

http://www.dhammadownload.com

(၂) သမာပဇ္ဇနဝသီ = ထပ်ကာ ထပ်ကာ ဝင်စားခြင်း အလေ့အကျင့်။

(၃) ပစ္စဝေက္ခဏာဝသီ = အဖန်ဖန် သုံးသပ်ခြင်း အလေ့အကျင့်။

(၄) အဓိဋ္ဌာနဝသီ = ဈာန်မှထရန် ဆောက်တည်ခြင်း အလေ့အကျင့်။

(၅) ဝုဋ္ဌာနဝသီ = သတ်မှတ်ချိန် အတိုင်း ဈာန်မှထခြင်း အလေ့အကျင့်။

ရှေးတီးကာလ = ရှေးလွန်လေပြီးသောအခါ။

ပရမတ် = ရုပ်နာမ်တရား။

ပညတ် = အမည်။

ပုဗ္ဗေနိဝါသဉာဏ် = ရှေးက နေခဲ့ဖူးသည်ကို ပြန်သိသော ဉာဏ်။

စေနေယျ = ကျွတ်ထိုက်သော သတ္တဝါ။

ကမ္မ = ကုသိုလ်ကံ၊ အကုသိုလ်ကံ။

ဂတိ = လားရာအရပ်။

စုတိ = သေခြင်း။

ပဋိသန် = မွေးဖွားခြင်း။

ဒုရ = ဝေးသော။

ပဋိဗ္ဗန္ဓ = တစ်စုံတစ်ခုဖြင့် ဖုံးအုပ်ထားသော။

သဏှ = သိမ်မွေ့သော။

http://www.dhammadownload.com

သုခုမ	=	အနုစိတ်ဖြစ်သော။
ဒိဗ္ဗစက္ခု	=	နတ်မျက်စိကဲ့သို့မြင်နိုင်သော ဉာဏ်။
ဩဃ	=	ရေအလျဉ်နှင့်တူသော တရား၊ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃဟု လေးမျိုးရှိသည်။
အာသဝ	=	ကြာမြင့်စွာ ထုံအပ်သည့်အရက်နှင့်တူသောတရား။ ဩဃကဲ့သို့ ကာမ၊ ဘဝ၊ ဒိဋ္ဌိ၊ အဝိဇ္ဇာဟုလေးမျိုးရှိသည်။
ယောဂ	=	သံသရာဝဋ်ဒုက္ခနှင့် တွဲယှဉ်စေတတ်သော တရား။ အထက်ပါအတိုင်း လေးမျိုးရှိသည်။
ဂန္ထ	=	သံသရာဝဋ်ဒုက္ခ၌ ထုံးဖွဲ့တတ်သော တရား။ အဘိဇ္ဈာ၊ ဗျာပါဒ၊ သီလဗ္ဗတပရာမာသ၊ ဣဒံ သစ္စာဘိနိဝေသ ဟူ၍ လေးမျိုးရှိသည်။
ဥပါဒါန်	=	ပြင်းထန် ခိုင်မြဲစွာ စွဲလမ်းတတ်သော တရား။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဟူ၍ လေးမျိုးရှိသည်။
ခြောက်တန်နီဝရဏ	=	ကုသိုလ်တရားတို့ မဖြစ်ပေါ်ရအောင် ပိတ်ဆီးတားမြစ်တတ်သော တရား ခြောက်ပါး။ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ ဤခြောက်မျိုးဖြစ်သည်။

http://www.dhammadownload.com

အနုသယခုနစ်အင် = မဖြစ်ပေါ်သေးဘဲ စိတ် သန္တာန်၌ ကိန်းနေသော တရားခုနစ်မျိုး။ ကာမရာဂ၊ ဘဝရာဂ၊ ပဋိဃ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ ဤခုနစ်မျိုး ဖြစ်သည်။

သံယောဇဉ် ဆယ်တန် = သတ္တဝါတို့ကို သံသရာစက်မှ မထွက်နိုင်အောင် ဖွဲ့နှောင်ဆွဲတွယ် တတ်သော တရားဆယ်ပါး။ ကာမရာဂ၊ ရူပရာဂ၊ အရူပရာဂ၊ ပဋိဃ၊ မာန၊ ဒိဋ္ဌိ၊ သီလဗ္ဗတ ပရာမာသ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ ဤဆယ်မျိုး ဖြစ်သည်။

ကိလေသာ = စိတ်ကို ညစ်နွမ်းစေတတ်၊ ပူလောင် စေတတ်သော တရား။ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ဟူ၍ ကိလေသာဆယ်ပါး။

ထောင့်ငါးရာကိလေသာ = လောကီစိတ် - ၁၊ စေတသိက် - ၅၂၊ ပေါင်း နာမ်တရား - ၅၃။ နိပ္ဖန္နရုပ် - ၁၈။ လက္ခဏာရုပ်-၄။ ပေါင်း ရုပ်တရား-၂၂။ နာမ်ရုပ် နှစ်ရပ်ပေါင်း ၇၅။ ယင်းကို အဇ္ဈတ္တဗဟိဒ္ဓ သန္တာန် နှစ်ပါးနှင့်

မြှောက် - ၁၅၀။ ယင်း ၁၅၀-သည် အားလုံးကိလေသာ ဆယ်ပါး၏ အာရုံဖြစ်သောကြောင့် ကိလေသာ ၁၀-ပါးနှင့် မြှောက်၊ ၁၅၀ X ၁၀ = ၁၅၀၀ ဖြစ်၏။

အရဟတ္တမဂ္ဂ	= မဂ်လေးပါးတွင် အထွတ်အထိပ်ဖြစ်သော မဂ်။
အာသဝက္ခယဉာဏ်	= အာသဝေါတရား ကုန်ရာဖြစ်သော ဉာဏ်။
ဝိဇ္ဇာသုံးပါး	= ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်။
ဝိဇ္ဇာရှစ်ပါး	= ၁ - ပုဗ္ဗေနိဝါသညာဉ်၊ ၂-ဒိဗ္ဗစက္ခုဉာဏ်၊ ၃-အာသဝက္ခယဉာဏ်၊ ၄-နတ်၏နားကဲ့သို့ ကြားနိုင်သော ဒိဗ္ဗသောတ အဘိညာဉ်၊ ၅-သူတစ်ပါးစိတ်ကို သိနိုင်သော ပရစိတ္တဝိဇာနန အဘိဉာဏ်၊ ၆-တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓ အဘိညာဉ်၊ ၇-စိတ် အလိုအတိုင်း ပြီးနိုင်သော မနောမယိဒ္ဓိ၊ ၈-ဝိပဿနာဉာဏ်။
လူ့တမွတ်	= လူ့တွင်အမြတ်။

http://www.dhammadownload.com

အပိုဒ် ၄

အာသယကိန်းဟန် = ကိန်းအောင်းနေသောအလို။

အာသယာနုသယဉာဏ် = သတ္တဝါတို့၏ အလိုကို သိသော ဉာဏ်။

ဣန္ဒြေရင့်မရင့် = ပါရမီဓာတ်ခံ ရင့်မရင့်။

ဣန္ဒြိယပရော = ကျွတ်ထိုက်သော သတ္တဝါတို့၏ ပါရမီဓာတ်ခံ ရင့်မရင့်ကို သိသော ဉာဏ်။

သဗ္ဗညုတဉာဏ် = အလုံးစုံကို အကုန်အစင် သိသော ဉာဏ်။

သင်္ခါရ = အကြောင်းတရားတို့ ပြုပြင်အပ်သည့် ရုပ်နာမ်တရား။

ဝိကာရ = ရုပ်နာမ်တရားတို့၏ အခြင်းအရာ။

လက္ခဏ = ရုပ်နာမ်တရားတို့၏ လက္ခဏာ။

နိဗ္ဗာန် = ဝဋ်ဆင်းရဲ ငြိမ်းအေးမှု။

ပညတ် = ခေါ်ဝေါ်သမုတ်သည့် အမည် အမျိုးမျိုး။

ဉေယျမံ = သဗ္ဗညုတဉာဏ်ဖြင့် သိအပ်သော တရားငါးပါး။ သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်။

အနာဝရဏဉာဏ် = အပိတ်အပင် အဆီးအတား မရှိ မြင်သိသောဉာဏ်။

http://www.dhammadownload.com

ယမိုက်ပြာဋိဟာ	=	ရေ၊ မီး အစုံ အစုံ ထွက်စေသော တန်ခိုး။
ယမကပါဋိဟာရိကဉာဏ်	=	ရေ၊ မီး အစုံ အစုံ ထွက်စေသည့် တန်ခိုးပြာဋိဟာကို ဖြစ်စေတတ်သောဉာဏ်။
မဟာကရုဏာ သမာပတ္တိဉာဏ်	=	လွန်စွာကြီးမားသည့် ကရုဏာတော်ကို ဝင်စားသည့် ဉာဏ်။
ဆအသာဓာရဏဉာဏ်	=	အခြားပုဂ္ဂိုလ်များနှင့် မဆက်ဆံသော မြတ်စွာဘုရား၌သာရှိသည့် ဉာဏ်တော်ခြောက်ပါး။ ၁–အာသယာနုသယဉာဏ်၊ ၂–ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ ၃–သဗ္ဗညုတဉာဏ်၊ ၄–အနာဝရဏဉာဏ်၊ ၅–ယမကပါဋိဟာရိယဉာဏ်၊ ၆–မဟာကရုဏာ သမာပတ္တိဉာဏ်။
စကြဝဠာ	=	ကမ္ဘာလောကဓာတ်။
သမန္တာစက္ခု	=	ထက်ဝန်းကျင်ရပ်။
ပသာဒစက္ခု	=	ပကတိမျက်စိ၊ မံသစက္ခုဟုလည်း ဆိုသည်။ အောက်မဂ်ဉာဏ်။
ဉာဏစက္ခု	=	ဉာဏ်မျက်စိ။ အရဟတ္တမဂ်ဉာဏ်။
ဒိဗ္ဗစက္ခု	=	နတ်မျက်စိကဲ့သို့မြင်သော ဉာဏ်မျက်စိ။

http://www.dhammadownload.com

ဗုဒ္ဓစက္ခု = အာသယာနုသယဉာဏ်နှင့် ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်။
သမန္တစက္ခု = သဗ္ဗညုတဉာဏ်။

အပိုဒ် ၅

ပလ္လင် = ဘုရားဖြစ်ရာ အပရာဇိတပလ္လင်။
အနိမိသ = ပလ္လင်တော်ကို မမှိတ်သောမျက်စိဖြင့် ခုနစ်ရက်တိုင်တိုင် ရပ်၍ ရှုစားတော်မူရာဌာန (အနိမိသ သတ္တာဟ)။
စင်္ကမ = ခုနစ်ရက်ပတ်လုံး စင်္ကြံကြွရာဌာန (စင်္ကမ သတ္တာဟ)။
စတုတ္ထသတ္တာဟ = လေးပတ်မြောက် ရက်သတ္တပတ်။
ရတနာရွှေအိမ် = ရတနာဃရ သတ္တာဟ။
အဘိဓမ္မာ ခုနစ်ကျမ်း = ၁-ဓမ္မသင်္ဂဏီ၊ ၂-ဝိဘင်း၊ ၃-ဓာတုကထာ၊ ၄-ပုဂ္ဂလပညတ်၊ ၅-ကထာဝတ္ထု၊ ၆-ယမိုက်၊ ၇-ပဌာန်း။
ဝတ္ထုပသာဒိန္ဒြေ = အထည်ကိုယ်ဒြပ် ဖြစ်သည့် တစ်ကိုယ်လုံး၊
နီလ = အညို။
ပီတ = အဝါ၊ အရွှေ။

http://www.dhammadownload.com

လောဟိတ	=	အနီ။
ဩဒါတ	=	အဖြူ။
မဉ္ဇိဋ္ဌ	=	အနီနု။
ပဘဿရ	=	ပြိုးပြိုးပြက်။
ဂိဝါ	=	လွှေ။
သာခွာ	=	ဘော်ငွေ။

အပိုဒ် ၆

ပရိဗိုဇ်	=	သာသနာ့ပြင်ဘက် ရဟန်းတစ်မျိုး။
တက္ကတွန်း	=	သာသနာ့ပြင်ဘက် ရဟန်းတစ်မျိုး။
မုနေ့	=	သူမြတ်။
အရည်း	=	ရသေ့ရဟန်း။
ဦးပြည်း	=	ခေါင်းတုံးရိတ်ထားသော ရသေ့ရဟန်း။
တပသီ	=	ရသေ့တစ်မျိုး။
ဗေရာဂီ	=	သာသနာပ ရသေ့တစ်မျိုး။
ဝါဒီ	=	အယူဝါဒရှိသူ။
စရိက်ဘာဝ	=	အပြုအမူအလေ့အကျင့်။
သာသနာ့ဗာဟိ	=	သာသနာတော်ပြင်ဘက်။
အဓိသီလ	=	လွန်ကဲသောသီလ။

http://www.dhammadownload.com

အာပတ်ခုနစ်ပုံ	=	၁-ပါရာဇိက၊ ၂-သံဃာ ဒိသိသ်၊ ၃-ထုလ္လစ္စဉ်း၊ ၄-ပါစိတ်၊ ၅-ပါဋိဒေသနီ၊ ၆-ဒုက္ကဋ်၊ ၇-ဒုဗ္ဘာသိ။
ပါတိမောက္ခသံဝရ	=	ရဟန်းကျင့်ဝတ် ပါတိမောက် သိက္ခာပုဒ်ကို စောင့်စည်းခြင်း။
ဣန္ဒြေခြောက်ပါး	=	မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်။
ဣန္ဒြိယသံဝရ	=	ဣန္ဒြေခြောက်ပါးကို စောင့်စည်းခြင်း။
မိစ္ဆာဇီဝ	=	တရားနှင့်မညီသော အသက်မွေးခြင်း။
အာဇီဝပါရိသုဒ္ဓိသီလ	=	သက်မွေးဝမ်းကြောင်း စင်ကြယ်မှု၊
ပစ္စဝေက္ခဏာ	=	ဆင်ခြင်သုံးသပ်ခြင်း။
ပစ္စယသန္နိဿိတသီလ	=	ပစ္စည်းလေးပါးကို ဆင်ခြင်၍ မှီဝဲခြင်း။
စတုပါရိသုဒ္ဓိသီလ	=	အလွန်စင်ကြယ်သော သီလလေးပါး။ ၁-ပါတိမောက္ခ သံဝရ သီလ၊ ၂-ဣန္ဒြိယသံဝရသီလ၊ ၃-အာဇီဝပါရိသုဒ္ဓိသီလ၊ ၄-ပစ္စယသန္နိဿိတသီလ။
သီလဝိသုဒ္ဓိ	=	သီလစင်ကြယ်မှု။
မဟာဂ္ဂုတ်	=	ရုပ်၊ အရုပ်။

http://www.dhammadownload.com

စိတ္တဝိသုဒ္ဓိ = စိတ်စင်ကြယ်မှု။
မိစ္ဆာဝါဒီ = ဖောက်ပြန်သော အယူရှိသူ။

ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိဝါဒ

၁။ ပုဗ္ဗန္တ ကပ္ပိက (ပုဗ္ဗန္တာနု ဒိဋ္ဌိ) ဝါဒ ၁၈ မျိုး။

ပုဗ္ဗ+အန္တ =ရှေးအတိတ်က ဖြစ်ခဲ့သော တရားစု (အကြောင်းအရာ) ကို+ ကပ္ပိက = ကြံစည်စဉ်းစားသူ တို့၏ + ဝါဒ= အပြောအဆို အယူအဆ။

၂။ အပရန္တ ကပ္ပိက (အပရန္တာနုဒိဋ္ဌိ) ဝါဒ ၄၄ မျိုး။

အပရ + အန္တ = နောက်အနာဂတ်+တရားစုကို+ကပ္ပိက=ကြံစည်လေ့၊ စဉ်းစားလေ့၊ တွေးတောလေ့ရှိသူ။

၁။ ပုဗ္ဗန္တ ကပ္ပိက ဝါဒ ၁၈–မျိုး

၁–က။ သဿတဝါဒ ၄–မျိုး။

သဿတ=သတ္တဝါတို့ သန္တာန်၌ အတ္တရှိ၏။ ထိုအတ္တသည်ဘယ်အခါမှ မပျက်စီးဘဲ မြဲ၏ဟု ယူဆသော အယူဝါဒ။

၁–ခ။ ဧကစ္စသဿတဝါဒ ၄–မျိုး။

ဧကစ္စ=အချို့+သဿတ=မြဲ၏။ ဧကစ္စ အသဿတ = အချို့မမြဲ။

၁–ဂ။ အန္တာနန္တဝါဒ ၄–မျိုး။

အန္တ =လောကကြီးအဆုံးရှိ၏။ အနန္တ =လောကကြီး အဆုံးမရှိ။ အန္တာ နန္တ ဝါဒ=လောကကြီး အဆုံးလည်းရှိ၊ အဆုံးလည်း မရှိဟူသော

၁–ဃ။ အမရာ ဝိက္ခေပဝါဒ ၄–မျိုး။

အမရာဝိက္ခေပ = မပြီးပြတ်နိုင်သော အယူ။ စိတ်ထဲ၌ ထိုအယူရှိသည့်အတိုင်း ပြောအပ်သောစကားကို 'အမရာ'ဟု ခေါ်၏။ ဝိက္ခေပ = ဝိ+ခေပ = အမျိုးမျိုးအဖုံဖုံပြော၍ + ပယ်ရှားရှောင်တိမ်းခြင်း။ တစ်နည်း

http://www.dhammadownload.com

အမရာမည်သော ငါးတစ်မျိုးရှိ၏၊ ထိုငါးသည် ငုပ်လိုက်ပော်လိုက်နှင့် ပြေးသွားကာ အရောင်အတိမ်း ကောင်းလှသောကြောင့် ဖမ်း၍မမိနိုင်၊ ထိုငါးနှင့်တူသော အယူ စကားကိုလည်း 'အမရာဝိက္ခေပ' ဟု ခေါ်သည်။

၁-င။ အဓိစ္စ သမုပ္ပန္နဝါဒ ၂ မျိုး။

အဓိစ္စသမုပ္ပန္န ။ အဓိစ္စ = အကြောင်းတစ်စုံတစ်ရာကို မစွဲမှီဘဲ (အကြောင်းမရှိဘဲ) + သမုပ္ပန္န = ဖြစ်သည်။ အတ္တသည် ဘာကြောင့်မှ ဖြစ်လာရသည် မဟုတ်၊ သူ့ဖြစ်ချင်လို့ ဖြစ်သည်ဟူသော အယူကို အဓိစ္စသမုပ္ပန္နဟု ခေါ်သည်။

သ-က။ သဿတဝါဒ ၄-မျိုး

(က) ဘဝပေါင်းများစွာကို ကိုယ်တိုင်သိမြင်သဖြင့် အတ္တသည် မြဲ၏။

(ခ) ဆယ်ကမ္ဘာအထိ ကိုယ်တိုင်သိမြင်သဖြင့် အတ္တသည် မြဲ၏။

(ဂ) ကမ္ဘာလေးဆယ်အထိ ကိုယ်တိုင်သိမြင်သဖြင့် အတ္တသည် မြဲ၏။

(ဃ) ကိုယ်တိုင်မသိ၊ တွေးတောကြံဆ၍ အတ္တသည် မြဲ၏။ (တက္ကီပုဂ္ဂိုလ်)

[ဘဝပေါင်းများစွာ ဆက်ကာ ဆက်ကာ ဖြစ်ရာဝယ် ခန္ဓာအိမ်သာ တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲရ၏။ အတ္တ (ငါ) ကား မပြောင်းလဲ။ ခန္ဓာအိမ်၌ မပျက်မစဲ အမြဲတည်သောအတ္တသည် ကောန်ရှိ၏။ ဤသို့ယူဆသူများ ဖြစ်ကြသည်။]

http://www.dhammadownload.com

၁-ခ။ **ဧကစ္စသဿတဝါဒ ၄-မျိုး**

(က) လောကဖန်ဆန်းသော ဗြဟ္မာကြီးသည် မြဲ၏။ မိမိတို့ကား မမြဲ။ [ဣဿရနိမ္မာနဝါဒ = ဖန်ဆင်းဝါဒ]

(ခ) အပျော်အပါးများသော (ခိဍ္ဍာပဒေါသိက) နတ်တို့သည် မမြဲ။ အပျော်အပါးမများသော နတ်တို့သည် မြဲ၏။ ခိဍ္ဍာ = မြူးထူးပျော်ပါးမှုများသဖြင့် ပဒေါသ = ပျက်စီးရသောနတ်။

(ဂ) ဒေါသကြီးသော (မနောပဒေါသိက) နတ်တို့သည် မမြဲ၊ ဒေါသမကြီးသောနတ်တို့သည် မြဲ၏။

[မန=ဒေါသစိတ်ကြောင့် + ပဒေါသ = စုတေပျက်စီးရသူ။]

(ဃ) ရုပ်သည် မမြဲ၊ စိတ်သည်မြဲ၏။ (တက္ကီပုဂ္ဂိုလ်)။

[သူကား လွန်လေပြီးသောအတိတ်ဘဝကို မမြင်။ ပစ္စုပ္ပန်ဘဝပေါ်တွင် အချို့မြဲ၍ အချို့မမြဲဟု စဉ်းစားသူဖြစ်သည်။]

၁-ဂ။ **အန္တာနန္တဝါဒ ၄-မျိုး**

(က) လောကကြီး အဆုံးရှိ၏။ (အန္တဝါဒ)

(ခ) လောကကြီး အဆုံးမရှိ။ (အနန္တဝါဒ)

(ဂ) လောကကြီး အဆုံးလည်းရှိ။ အဆုံးလည်းမရှိ။ (အန္တာနန္တဝါဒ)။

(ဃ) လောကကြီး အဆုံးလည်းမဟုတ်၊ အဆုံးမရှိလည်း မဟုတ်၊ (နေဝအန္တာနာနန္တဝါဒ) (တက္ကီပုဂ္ဂိုလ်)

[မိမိတို့၏ ပဋိဝိကသိုဏ်းအားလျော်စွာ ထင်မြင် ယူဆချက်များဖြစ်၏။]

http://www.dhammadownload.com

၁-ဃ။ အမရာဝိက္ခေပဝါဒ ၄-မျိုး

(က) မုသားကြောက်၍ စကားကို ဖယ်ရှားတိမ်းရှောင်၏။

(ခ) စွဲလမ်းမှု ဥပါဒ်ဒါန်ကြောက်၍ ဖယ်ရှားတိမ်းရှောင်၏။

(ဂ) ပညာရှိများ စစ်ဆေးမည်ကို ကြောက်၍ ဖယ်ရှား တိမ်းရှောင်၏။

(ဃ) ညံ့ဖျင်း ထုံ,အခြင်းကြောင့် ဖယ်ရှားတိမ်းရှောင်၏။

[အမရာဝိက္ခေပ လေးမျိုးလုံး၌ သူတစ်ပါးကမေးသည်ကို မသိ၍ ရှောင်လွှဲနေရခြင်းသာဖြစ်၍ ဘယ်နည်းဖြင့် မိစ္ဆာအယူဖြစ်နိုင်သနည်းဟု မေးဖွယ်ရှိ၏။ ရှောင်လွှဲနေရုံဖြင့် မိစ္ဆာအယူ မဖြစ်ချေ။ "ငါ့မှာ မုသားဖြစ်လိမ့်မည်။ ငါ့မှာ ဥပါဒါန် ဖြစ်လိမ့်မည်။ ငါ့ကို စစ်ဆေးကြလိမ့်မည်"ဟု ငါဟူသော အတ္တစွဲရှိ၏။ ထိုသို့ အတ္တစွဲ အရင်းခံ၍ ဖြစ်ပေါ်လာသော အယူဝါဒဖြစ်သောကြောင့် ရှေးပုဂ္ဂိုလ် သုံးမျိုးကို မိစ္ဆာဒိဋ္ဌိအယူရှိသူဟု ဆိုရမည်။ စတုတ္ထပုဂ္ဂိုလ်ကား မောဟကြီးသဖြင့် ကုသိုလ် အကုသိုလ်မှန်း လုံးဝမသိ။ ထိုသို့ မသိသည်ကို မသိရိုးမနေဘဲ ရှောင်လွှဲ၍ ဖြေဆိုမှုကိုပင် အကောင်းဟု စွဲစွဲမြဲမြဲ သဘောကျသော အယူတစ်မျိုးဖြစ်၏။ ထိုအယူကိုပင် မှားသောအယူ (မိစ္ဆာဒိဋ္ဌိ) တစ်မျိုးဟု ဆိုရမည်။]

၁-င။ အဓိစ္စသမုပ္ပန္န ၂-မျိုး

(က) အသညသတ်ဘုံမှ စုတေခဲ့သူ၏ အယူဝါဒ။

[သညာ (ဝါ) စိတ်မရှိသော သတ္တဝါတို့နေရာ ဘုံ ရောက်လာသူဖြစ်သည်။ သူသည် လူ့ဘုံရောက်မှ သညာကို စတွေ့ရသည်။ သို့ကြောင့် အတ္တသည်လည်းကောင်း၊ လောကသည် လည်းကောင်း အကြောင်းမရှိဘဲ ဖြစ်၏ဟု ယူဆ၏။]

http://www.dhammadownload.com

(ခ) တက္ကိပုဂ္ဂိုလ်၏ အယူအဆ။

[ထိုသူကား လောကသည်လည်းကောင်း၊ အတ္တသည်လည်းကောင်း အကြောင်းမရှိဘဲ သူဖြစ်ချင်သလို ဖြစ်၏ဟု ကြံဆပြော ပြသူဖြစ်သည်။]

ရှေးအတိတ်အကြောင်းအရာအစုကို ကြံစည်တတ်၊ အစဥ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကုန်သော သူတို့သည် ရှေးအတိတ်အကြောင်းအရာစုကို အာရုံပြု၍ မိစ္ဆာအယူဖြစ်ဖို့ရန် အခြေခံစကား အမျိုးမျိုးတို့ကို ဤပြခဲ့သော အကြောင်း ၁၈-မျိုးတို့ဖြင့် စွဲမြဲစွာ ပြောဆိုတတ်ကြ၏။

၂။ အပရန္တကပ္ပိကဝါဒ ၄၄-မျိုး

၂-က။ ဥဒ္ဓမာဃာတနိက သညီဝါဒ ၁၆-မျိုး။

[အာဃာတန = သေခြင်း = (သေရာကာလ) + ဥဒ္ဓ = အထက် (နောက်) သေပြီးနောက် အတ္တအကြောင်းအရာကို ပြောဆိုလေ့ရှိသူများကို "ဥဒ္ဓမာဃာတနိက" ဟု ခေါ်၏။]

၂-ခ။ ဥဒ္ဓမာဃာတနိက အသညီဝါဒ ၈-မျိုး။

၂-ဂ။ ဥဒ္ဓမာဃာတနိက နေဝသညီ နာသညီဝါဒ ၈-မျိုး။

၂-ဃ။ ဥစ္ဆေဒဝါဒ ၇-မျိုး။

၂-က။ ဥဒ္ဓမာဃာတနိက သညီဝါဒ ၁၆-မျိုး

(က) အတ္တသည် အပြောင်းအလဲ (ရုပ်) သဘောရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာလည်းရှိ၏။

(ခ) အတ္တသည် ရုပ်သဘောမရှိ၊ သေပြီးနောက် ပျက်စီးခြင်းသဘောမရှိ၊ သညာလည်းရှိ၏။

http://www.dhammadownload.com

(ဂ) အတ္တသည် ရုပ်သဘော အရှိလည်းဟုတ်၏။ ရုပ်သဘောမရှိလည်းဟုတ်၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(ဃ) အတ္တသည် ရုပ်သဘောရှိသည်လည်းမဟုတ်။ ရုပ်သဘောမရှိသည်လည်း မဟုတ်။ သေပြီးနောက် ပျက်စီးခြင်း မရှိ။ သညာရှိ၏။

(င) အတ္တသည် အဆုံးအပိုင်းအခြားရှိ၏။ သေပြီးနောက် ပျက်စီးခြင်း မရှိ။ သညာရှိ၏။

(စ) အတ္တသည် အဆုံးအပိုင်းအခြားမရှိ။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(ဆ) အတ္တသည် အဆုံးရှိလည်းဟုတ်။ အဆုံးမရှိလည်းဟုတ်၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(ဇ) အတ္တသည် အဆုံးရှိလည်းမဟုတ်။ အဆုံးမရှိလည်းမဟုတ်။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(ဈ) အတ္တသည် တစ်မျိုးတည်းသော သညာရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(ည) အတ္တသည် အမျိုးမျိုးသညာရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(ဋ) အတ္တသည် သေးငယ်သော သညာရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(ဌ) အတ္တသည် အတိုင်းအရှည် မရှိလောက်အောင် ကြီးကျယ်သော သညာရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

http://www.dhammadownload.com

(ဍ) အတ္တသည် စင်စစ် သုခရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ။ သညာရှိ၏။

(ဎ) အတ္တသည် စင်စစ် ဒုက္ခရှိ၏။ သေပြီးနောက်ပျက်စီးခြင်းမရှိ။

(ဏ) အတ္တသည် သုခ၊ ဒုက္ခနှစ်မျိုးလုံးရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

(တ) အတ္တသည် အဒုက္ခ မသုခ (ဥပေက္ခာ) ရှိ၏။ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏။

[ဥဒ္ဓမာဃာတန အယူအဆ သညီဝါဒ ရှိကုန်သောသူတို့သည် ဤ ၁၆-ပါးသော အကြောင်းပြချက်တို့ဖြင့် အတ္တကို သေပြီးနောက် သညာရှိသည်ဟု ယူဆကြလေသည်။]

၂-ခ။ ဥဒ္ဓမာဃာတနိက အသညီဝါဒ ၈-မျိုး

(က) အတ္တသည် အပြောင်းအလဲ (ရုပ်) သဘောရှိ၏။ သေပြီးနောက် မြဲ၏။ သညာမရှိ။

(ခ) အတ္တသည် ရုပ်သဘောမရှိ၊ သေပြီးနောက်မြဲ၏။ သညာမရှိ။

(ဂ) အတ္တသည် ရုပ်သဘောအရှိလည်း ဟုတ်၏။ ရုပ်သဘောမရှိလည်း ဟုတ်၏။ သေပြီးနောက် မြဲ၏။

(ဃ) အတ္တသည် ရုပ်သဘောရှိသည်လည်း မဟုတ်။ ရုပ်သဘောမရှိလည်း မဟုတ်။ သေပြီးနောက် မြဲ၏။ သညာမရှိ။

http://www.dhammadownload.com

(င) အတ္တသည် အဆုံးအပိုင်းအခြားရှိ၏။ သေပြီးနောက် မြဲ၏။ သညာမရှိ။

(စ) အတ္တသည် အဆုံးအပိုင်းအခြားမရှိ။

(ဆ) အတ္တသည် အဆုံးလည်းရှိ။ အဆုံးလည်း မရှိ။

(ဇ) အတ္တသည် အဆုံးရှိလည်းမဟုတ်။ အဆုံးမရှိလည်း မဟုတ်။ သေပြီးနောက် မြဲ၏။ သညာမရှိ။

[ဥဒ္ဒမာဃာတနိက အသညီဝါဒရှိသော သူတို့သည် ဤရှစ်ပါးသော အကြောင်းပြချက်တို့ဖြင့် အတ္တကို သေပြီးနောက် သညာမရှိဟု ယူဆကြ၏။]

၂-၈။ ဥဒ္ဒမာဃာတနိက နေဝသညီနာသညီဝါဒ ၈-မျိုး

(က) အတ္တသည် အပြောင်းအလဲ (ရုပ်) သဘောရှိ၏။ သေပြီးနောက် မြဲ၏။ သညာရှိလည်း မဟုတ်။ သညာမရှိလည်း မဟုတ်။

(ခ) အတ္တသည် ရုပ်သဘောမရှိ။

(ဂ) အတ္တသည်ရုပ်သဘောလည်းရှိ၏။ရုပ်သဘောလည်းမရှိ၊

(ဃ) အတ္တသည် ရုပ်သဘောအရှိလည်းမဟုတ်။ ရုပ်သဘော မရှိလည်း မဟုတ်။

(င) အတ္တသည် အဆုံးအပိုင်းအခြားရှိ၏။

(စ) အတ္တသည် အဆုံးအပိုင်းအခြားမရှိ။

(ဆ) အတ္တသည် အဆုံးလည်းရှိ။ အဆုံးလည်းမရှိ။

(ဇ) အတ္တသည် အဆုံးရှိလည်း မဟုတ်။ အဆုံးမရှိလည်း မဟုတ်။ သေပြီးနောက် မြဲ၏။ သညာရှိလည်းမဟုတ်။ သညာမရှိလည်း မဟုတ်။

http://www.dhammadownload.com

[ဥဒ္ဓမာဃာတနိက နေဝသညီနာသညီဝါဒရှိသောသူတို့သည် ဤရှစ်ပါးသော အကြောင်းပြတို့ဖြင့် အတ္တကို သေပြီးနောက် သညာ ရှိလည်းမဟုတ်၊ သညာမရှိလည်း မဟုတ်ဟု ယူဆကြ၏။]

၂-ဃ။ ဥစ္ဆေဒဝါဒ ၇-မျိုး

[သတ္တဝါသည် သေလျှင် အသက်မရှိ၊ ပြတ်စဲတော့၏ဟူသော အယူကို ဥစ္ဆေဒဝါဒဟု ခေါ်သည်။]

(က) ခန္ဓာကိုယ် ပျက်စီးလျှင် အတ္တလည်း ပြတ်စဲပျောက် ပျက်၏၊ သေပြီးနောက် ဘာမျှ မဖြစ်တော့ချေ။

(ခ) လူ့ဘဝတစ်ဘဝမျှဖြင့် ဤအတ္တသည် မပြတ်စဲသေး၊ နတ်ဖြစ်ပြီးနောက်မှ အဆက်မရှိ ပြတ်စဲတော့၏။ ဘာမျှ ထပ်၍ မဖြစ်တော့ချေ။

(ဂ) နတ်ဘဝဖြင့် ဤအတ္တသည် မပြတ်စဲသေး။ ဗြဟ္မာ ဖြစ်ပြီးနောက်မှ အဆက်မရှိ ပြတ်စဲတော့၏။ ဘာမျှ ထပ်၍ မဖြစ်တော့ချေ။

(ဃ) အာကာသာနဉ္စာယတန ဘုံသို့ရောက်မှ အတ္တသည် ပြတ်၏။

(င) ဝိညာဏဉ္စာယတနဘုံသို့ရောက်မှ အတ္တသည် ပြတ်၏။

(စ) အာကိဉ္စညာယတနဘုံသို့ ရောက်မှအတ္တသည်ပြတ်၏။

(ဆ) နေဝသညာနာသညာယတနဘုံသို့ရောက်မှ အတ္တသည် ပြတ်၏။

[ဥစ္ဆေဒ အယူရှိကုန်သော သူတို့သည် ဤ ၇-မျိုးသော အကြောင်းပြတို့ဖြင့် ထင်ရှားရှိသော သတ္တဝါတို့၏ ပြတ်စဲပျက်စီး ကင်းပျောက်ခြင်းကို ပြောဆိုကြ၏။]

http://www.dhammadownload.com

၂-င။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅-မျိုး

[လက်ရှိခန္ဓာကိုယ်၌ ဒုက္ခကင်း၍ ချမ်းသာစွာ နေရခြင်းကို ဒိဋ္ဌဓမ္မနိဗ္ဗာန = လောကီနိဗ္ဗာန်ဟု ခေါ်သည်။]

(က) ကာမဂုဏ်ငါးမျိုးဖြင့် တင့်တယ်စံပယ်လျက် ခံစားစံစားရခြင်းသည် သတ္တဝါ၏ မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ဖြစ်၏။

(ခ) ပထမဈာန်ကိုရသည့်အခါ အတ္တသည် မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်၏။

(ဂ) ဒုတိယဈာန်ကို ရသည့်အခါ အတ္တသည် မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်၏။

(ဃ) တတိယဈာန်သို့ရသည့်အခါမှ ဒိဋ္ဌဓမ္မနိဗ္ဗာန်။

(င) စတုတ္ထဈာန်ကိုရသည့်အခါမှ ဒိဋ္ဌဓမ္မနိဗ္ဗာန်။

[ဤငါးမျိုးသော အကြောင်းပြတို့ဖြင့် ထင်ရှားရှိသော သတ္တဝါတို့၏ မွန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒကို ပြောဆိုယူဆကြသည်။]

နောက်အနာဂတ် အကြောင်းအရာစုကို ကြံစည်တတ် ယူဆတတ်သော သူတို့သည် ဤပြခဲ့သော အကြောင်း ၄၄-မျိုးတို့ဖြင့် စွဲမြဲစွာ ပြောဆိုကြ၏။

ဤသို့လျှင် ရှေးအတိတ်ကဖြစ်ခဲ့သော အကြောင်းအရာများကို ကြံစည်စဉ်းစားသူတို့၏ အယူအဆ ဝါဒ ၁၈-မျိုးနှင့် နောက်အနာဂတ် အကြောင်းအရာကို ကြံစည်စဉ်းစားသူတို့၏ အယူအဆ ဝါဒ ၄၄-မျိုးအားဖြင့်(၆၂) ပါးသော ဒိဋ္ဌိဝါဒတို့ ဖြစ်သတည်း။

(ဤ ၆၂-ပါးသော ဒိဋ္ဌိတို့အကြောင်း အကျယ်ကို မုံရွေးဇေတဝန် ဆရာတော်ဘုရားကြီး ပြုစုတော်မူသော သံမန္တစက္ခုဒီပနီကျမ်း

http://www.dhammadownload.com

ပထမစာအုပ်တွင် အလွယ်ကြည့်နိုင်ပါသည်။ မူရင်းကျကျ လေ့လာလိုပါက ဗြဟ္မဇာလသုတ်တွင် ကြည့်ရှုကြပါကုန်။ ဤမှတ်ချက်ကိုမူ ဗြဟ္မဇာလသုတ်မှ အကျဉ်းချုပ်ကောက်နုတ်ခြင်း ဖြစ်ပါသည်။]

ဝိတဏ္ဍိ	=	ဆန့်ကျင်သော အယူရှိသူ။
ဒိဋ္ဌိဝိသုဒ္ဓိ	=	အယူအမြင် စင်ကြယ်မှု။
ကင်္ခါဝိတရဏဝိသုဒ္ဓိ	=	တစ်ဆယ့်ခြောက်ပါးသော ယုံမှားသက်ာကို လွန်မြောက်သောဉာဏ်၏ စင်ကြယ်မှု။
တစ်ဆယ့်ခြောက်ပါးသော	=	ယုံမှားခြင်း တစ်ဆယ့်ခြောက်ပါး။
ယုံမှားသက်ာ		၁။ ငါသည် အတိတ်ကာလ၌ ဖြစ်ခဲ့သလော။
		၂။ ငါသည် အတိတ်ကာလ၌ မဖြစ်ခဲ့သလော။
		၃။ ငါသည် အတိတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်ခဲ့သနည်း။
		၄။ ငါသည် အတိတ်ကာလ၌ အဘယ်သို့ ဖြစ်ခဲ့သနည်း။
		၅။ ငါသည်အတိတ်ကာလ၌အဘယ်သူဖြစ်ပြီးနောက် အဘယ်သူ ဖြစ်ခဲ့သနည်း။
		၆။ ငါသည် အနာဂတ် ကာလ၌ ဖြစ်လတ္တံ့လော။

http://www.dhammadownload.com

၇။ ငါသည် အနာဂတ်ကာလ၌ မဖြစ်လတ္တံ့လော။
၈။ ငါသည် အနာဂတ်ကာလ၌ အဘယ်သို့သော်သူ ဖြစ်လတ္တံ့နည်း။
၉။ ငါသည် အနာဂတ်ကာလ၌ အဘယ်သို့ ဖြစ်လတ္တံ့နည်း။
၁၀။ ငါသည်အနာဂတ်ကာလ၌ အဘယ်သူဖြစ်ပြီးနောက် အဘယ်သူ ဖြစ်လတ္တံ့နည်း။
၁၁။ ငါသည် ဟုတ်ပါလေ၏လော။
၁၂။ ငါသည် မဟုတ်လေသလော။
၁၃။ ငါ ဘယ်သူဖြစ်သနည်း။
၁၄။ ငါ အဘယ်သို့ ဖြစ်သနည်း။
၁၅။ ငါသည် အဘယ်မှ လာသနည်း။
၁၆။ ငါသည် အဘယ်သို့ သွားလတ္တံ့နည်း။

မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ = မဂ်ဟုတ်မဟုတ် သိမြင်နိုင်သော ဉာဏ်အမြင် စင်ကြယ်မှု။

ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ = မဂ်ရောက်ကြောင်း ကျင့်စဉ်ကို သိမြင်သော ဉာဏ်စင်ကြယ်မှု။

သဟဇာတ် = တကွဖြစ်သော။

သမ္ပယုတ် = အတူယှဉ်သော။

http://www.dhammadownload.com

သစ္စာလေးတန်ကို ဆယ်ခြောက်နက်ဝေဖန်၍	=	သစ္စာအနက် ဆယ့်ခြောက်ချက်။
ဉာဏဒဿနဝိသုဒ္ဓိ	=	သစ္စာလေးပါးအမှန်တရားကို သိမြင်သော ဉာဏ်အမြင်စင်ကြယ်မှု။
တဒင်္ဂဝိမုတ္တိ	=	ကာမကုသိုလ်ဖြင့် ကိလေသာမှ အခိုက်အတန့်မျှ လွတ်မြောက်မှု။
ဝိက္ခမ္ဘနဝိမုတ္တိ	=	မဟဂ္ဂုတ်ကုသိုလ်ဖြင့် ကိလေသာကို ပယ်ခွာ လွတ်မြောက်မှု။
သမုစ္ဆေဒဝိမုတ္တိ	=	ဖိုလ်ဖြင့် ကိလေသာမှ အကြွင်းမဲ့ လွတ်မြောက်မှု။
ပဋိစ္ဆေဒဝိမုတ္တိ	=	မဂ်ဖြင့် ကိလေသာမှ အကြွင်းမဲ့ လွတ်မြောက်မှု။
ပဋိပဿမ္ဘနဝိမုတ္တိ	=	ဖိုလ်ဖြင့် ကိလေသာမှ ထပ်မံ လွတ်မြောက်မှု။
နိဿရဏဝိမုတ္တိ	=	ကိလေသာမှ လုံးဝလွတ်မြောက်မှု။
အာဂါရမုနိ	=	လူဝတ်ကြောင်သူမြတ်။
အနာဂါရမုနိ	=	ရဟန်းသူမြတ်။
သေက္ခမုနိ	=	အရိယာပုဂ္ဂိုလ် ခုနစ်ယောက်။
အသေက္ခမုနိ	=	ရဟန္တာပုဂ္ဂိုလ်။
ပစ္စေကမုနိ	=	ပစ္စေကဗုဒ္ဓါ။
မုနိန္ဒာဘိပဝရ	=	မုနိငါးပါးတို့ထက်မြတ်သော။
အတုလမုနိ	=	အတုမရှိသော မြတ်စွာဘုရား။

အပိုဒ် ၇

ဂင်္ဂါဝါဠု = ဂင်္ဂါမြစ်တွင်းရှိ သဲများ။

အနန္တဂူ = အဆုံးမရှိသော နိဗ္ဗာန်သို့ရောက်တော်မူသော။

သီလသံဝရ = သီလစောင့်ခြင်း။

ဣန္ဒြိယသံဝရ = ဣန္ဒြေခြောက်ပါး စောင့်စည်းခြင်း။

ဘောဇနေမတ္တညုတာ = ဘောဇဉ်၌ အတိုင်းအရှည်သိခြင်း။

ဇာဂရိယာနုယောဂ = နိုးကြားခြင်းနှင့် ယှဉ်ခြင်း။

သဒ္ဓါ = ရတနာသုံးပါး၊ ကံနှင့်အကျိုးကို ယုံကြည်ခြင်း။

သတိ = တရားမမေ့ခြင်း။

ဟိရိ = မကောင်းမှုကို ရှက်ခြင်း။

ဩတ္တပ္ပ = မကောင်းမှုကို ကြောက်ခြင်း။

ဗာဟုသစ္စ = အကြားအမြင်များခြင်း။

ဝီရိယ = လုံ့လရှိခြင်း။

ပညာ = အသိဉာဏ်ရှိခြင်း။

လေးဖြာဈာန် = ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟူသော ဈာန်လေးပါး။

စရဏတရား = အကျင့်တရား။

နာနာကုလ = လူမျိုးအသီးသီး။

ဝေါဟာရသဒ္ဒါ = ဘာသာစကား။

http://www.dhammadownload.com

အတ္တူပဋိသမ္ဘိဒါ	=	အနက်ကိုခွဲခြမ်း၍ သိသောဉာဏ်။
ဝါစာဂီရတ်	=	နှုတ်ထွက်စကား။
ဓမ္မပဋိသမ္ဘိဒါ	=	ဓမ္မကို ခွဲခြမ်း၍ သိသောဉာဏ်။
ဝိဂ္ဂဟ်ဝစနတ်	=	ပုဒ်၏ အနက်ရင်း။
ဓာတ်	=	ပုဒ်၏ရင်းမြစ်။
ပစ္စည်း	=	ပုဒ်၏ နောက်ဆက်စကား။
လိင်	=	ပုဒ်၏ ဣတ္ထိလိင်၊ ပုလ္လိင်။
အန်	=	ပုဒ်၏ အဆုံး။
နိရုတ္တိပဋိသမ္ဘိဒါ	=	သဒ္ဒါနည်းကို ခွဲခြမ်း၍ သိသောဉာဏ်။
သဒ္ဒါပညတ်	=	ဝေါဟာရစကားအဖြစ်။
ပဋိဘာနပဋိသမ္ဘိဒါ	=	ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်။
ဣဒ္ဓိဝိဓ	=	တန်ခိုးအမျိုးမျိုး ဖန်ဆင်းခြင်း။
စေတောပရိယ	=	သူတစ်ပါး၏စိတ်ကို သိသောဉာဏ်။
ယထာကမ္မူပဂ	=	ကံအတိုင်းဖြစ်နေကြသော (သတ္တဝါတို့ကို မြင်သောဉာဏ်)
အနာဂတံသ	=	နောင်ဖြစ်လတ္တံ့ကို မြင်သောဉာဏ်။
ရူပဈာန်လေးရပ်	=	ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်။
အရူပဈာန်လေးရပ်	=	အာကာသာ နဉ္စာယတန၊ ဝိညာဏ ဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာနာသညာယတန။

http://www.dhammadownload.com

ကျေးဇူးတော် တစ်ဆယ့်ရှစ်ပါး = အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့၌ မပိတ်မပင်သော ဉာဏ်ရှိတော်မူသည့် သုံးပါး။

ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် ဉာဏ်တော်လျှင် ပြဋ္ဌာန်း၏။

ဉာဏ်တော်သို့ အစဉ်လိုက်၏။ သုံးပါးပေါင်းသော် ခြောက်ပါး။

ဆန္ဒ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိတို့၏ ယုတ်လျော့ခြင်း မရှိ။

ပေါင်းသော တစ်ဆယ့်နှစ်ပါး။

မြူးထူးခြင်းမရှိ၊ မြူးထူးလိုသော စကားမရှိ၊ ချွတ်ယွင်းသည်မရှိ၊ အဆောတလျှင်ပြုသော အမှုမရှိ၊ ကြောင့်ကြခြင်းမရှိ၊ ပေါင်းသော် တစ်ဆယ့်ရှစ်ပါး။

အံ့ဖွယ်တစ်ဆယ့်ရှစ်ခုံ = ၁၊ သက်န်းတော်သည် ဖွပ်ရ၊ ဆိုးရခြင်းမရှိ၊ နွမ်းရိခြင်း မရှိ။

၂၊ ဆံတော်သည် တောထွက်စ,က ဖြတ်သည့်တိုင်း အသက်တော်ပတ်လုံး လက်နှစ်သစ်မျှသာ ရှိခြင်း။

၃၊ ပရိက္ခရာရှစ်ပါးကို ဆောင်ယူတော်မူသော်လည်းကိုယ်နှင့်မထိခြင်း။

http://www.dhammadownload.com

၄၊ သပိတ်တော် ဆေးလျှင် လက်တော်စင်နှင့်၍ လက်တော် ဆေးလျှင် သပိတ်တော်စင်နှင့်ခြင်း။

၅၊ မုန်ညင်းသီးခွံ တည်းဟူသော ကြုတ်ထဲသို့ ဝင်တော်မူနိုင်ခြင်း။

၆၊ ရောင်ခြည်တော် လွှတ်လျှင် အရပ်ဆယ်မျက်နှာတိုင်အောင်နှံ့ခြင်း။

၇၊ ကိုယ်တော်ကို အသိန်းအသန်း ဖန်ဆင်း၍ သတ္တဝါကို ချွတ်နိုင်ခြင်း။

၈၊ ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ်သုံးပါး၌ အမိုက်ကို လည်းကောင်း၊ အလင်းကို လည်းကောင်း ဖန်ဆင်းနိုင်ခြင်း။

၉၊ ကိုယ်တော်ကို အထက် ကောင်းကင်သို့ ရောက်အောင် လဝန်းပေါ်သကဲ့သို့ မြင့်နိုင်ခြင်း။

၁၀၊ သန့်ရှင်းသော၊ သာယာသော၊ သိလွယ်သော၊ နာချင်ဖွယ်သော၊ ပျံ့သော၊ လုံးသော၊ နက်နဲသော၊ ပဲ့တင်ထပ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ဖြင့် ဟော တော်မူသည့် တရားတော်သည် ပရိသတ်ရှိလေရာရာ ကြားနိုင်ခြင်း။

http://www.dhammadownload.com

၁၁၊ လူနတ်တို့၏စိတ်ကို သိနိုင်သော အာသယာနုသယဉာဏ်။

၁၂၊ ကျွတ်အံ့သော သတ္တဝါတို့ကို သိတော်မူနိုင်သော မဟာကရုဏာ သမာပတ္တိဉာဏ်။

၁၃၊ ဤသူကား နက်ဖြန် ကျွတ်လတ္တံ့၊ ဤသူကား သန်ဘက် ကျွတ်လတ္တံ့ စသည်ဖြင့် သိနိုင်သော ဣန္ဒြိယပရောပရိယတတ္တိဉာဏ်။

ဥယျာဉ်မှုတရားငါးပါး။

ပေါင်း ၁၈ ပါး။

အပိုဒ် ၈

ဒေဝပုတ္တမာရ်	=	မာရ်နတ်။
ကိလေသမာရ်	=	ကိလေသာဆယ်ပါး။
ခန္ဓမာရ်	=	ခန္ဓာငါးပါး။
မစ္စုမာရ်	=	သေခြင်းတရား။
အဘိသင်္ခါရမာရ်	=	ပြုပြင်စီရင်မှု။
သတိပဋ္ဌာန်	=	သတိတည်ဆောက်မှု။
သမ္မပ္ပဓာန်	=	ကောင်းစွာအားထုတ်မှု။

http://www.dhammadownload.com

ဣဒ္ဓိပါဒ် = မဟဂ္ဂုတ် လောကုတ္တရာ တရားထူး တို့ ဖြစ်ပေါ်ပြီးခြင်း၏ အခြေပါဒ ဖြစ်သော တရား။

ဣန္ဒြေ = မိမိတို့ဆိုင်ရာကိစ္စ၌ အစိုးရမှု ရှိသော တရား။

ဗိုလ် = ဆန့်ကျင်ဘက် တရားတို့ကြောင့် တုန်လှုပ်ခြင်းမရှိ ခိုင်ခံ့အားကောင်း သောတရား။

ဗောဇ္ဈင် = မဂ်ဉာဏ်ဟုသော ဗောဓိ၏အစိတ် အင်္ဂါဖြစ်သော တရား။

မဂ္ဂင် = မဂ်၏ အစိတ်အင်္ဂါဖြစ်သောတရား။

ဗောဓိပက္ခိယ = မဂ်ဉာဏ်၏ အသင်းအပင်း၌ဖြစ်ကြ သောတရား။ သတိပဋ္ဌာန် - ၄၊ သမ္မပ္ပဓာန် - ၄၊ ဣဒ္ဓိပါဒ် - ၄၊ ဣန္ဒြေ - ၅၊ ဗိုလ် - ၅၊ ဗောဇ္ဈင် - ၇၊ မဂ္ဂင် - ၈ ပါးအားဖြင့် ၃၇ ပါး ရှိသည်။

မာရ်ဗိုလ်ပါ = မာရ်နတ်၏ စစ်သည်တပ်သား။

အသင်္ခတ = အကြောင်းတရား မပြုအပ်သော။

ခေမ = ဘေးကင်းရာနိဗ္ဗာန်။

ဓမ္မာရုံ = မဂ်တရား၏ အာရုံနိဗ္ဗာန်။

http://www.dhammadownload.com

အပိုဒ် ၉

ဌာနာဌာန ဉာဏဗလဉာဏ်	=	အရာဟုတ်သည် မဟုတ်သည်ကို သိတတ်သောဉာဏ်။
ဝိပါကဉာဏ် (ကမ္မဝိပါကဉ္စ ရဉာဏ်)	=	ကံအထူးကို သိတတ်သောဉာဏ်။
သဗ္ဗတ္ထဂါမိနီဉာဏ်	=	ကံ၏ အပိုင်းအခြားကို သိတတ်သော ဉာဏ်။
နာနာဓာတုဉာဏ်	=	ဓာတ်တို့၏ အထူးအပြားကို သိတတ်သောဉာဏ်။
အဓိမုတ္တိဉာဏ်	=	သတ္တဝါတို့၏အလို နှလုံးသွင်းကို သိတတ်သောဉာဏ်။
ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်	=	ဣန္ဒြေရင့်မရင့်ကို သိတတ်သော ဉာဏ်။
ဈာနာဒိသံကိလေသဉာဏ်	=	ဈာန်စသည်တို့၏ ညစ်ညူးခြင်းကို သိတတ်သောဉာဏ်။
ခေတ်သုံးထပ်	=	ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယ ခေတ်သုံးပါး။
လောကုတ္တရာတရားမြတ် ကိုးပါး	=	မဂ် ၄–ပါး+ဖိုလ် ၄–ပါး+နိဗ္ဗာန် ၁။ (အချို့မှဒ္ဓ ၈ ပါးဟု ဆိုသည်။)
နရက်	=	ငရဲဘုံ။
သုံးခရိုင်	=	ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ ၃ ပါး။
ဂုဏ် အရဟတ်	=	မြတ်သောဂုဏ်။

http://www.dhammadownload.com

အပိုဒ် ၁၀

အမှုဆက္ကသတ	=	ခြောက်ရာမှာ ငါးဆယ်လျော့ဟူသည့် သဘော၊ ငါးရာ ငါးဆယ် ဇာတ်တော်များကို ဆိုသည်။ (အမှ=အခွဲနှင့်တကွ၊ ဆက္ကသတ=ခြောက်ရာ)။
အနန္တဘဝ	=	အဆုံးမရှိသောဘဝ။
ဓနပရိစ္စာဂ	=	ပစ္စည်းဥစ္စာကို စွန့်ခြင်း။
ပုတ္တပရိစ္စာဂ	=	သားသမီးကို စွန့်ခြင်း။
ဘရိယပရိစ္စာဂ	=	မယားကို စွန့်ခြင်း။
အင်္ဂပရိစ္စာဂ	=	မျက်စိစသော အင်္ဂါကိုစွန့်ခြင်း။
ဇီဝိတ ပရိစ္စာဂ	=	အသက်ကိုစွန့်ခြင်း။
ဟေတုသမ္ဘာရ	=	အကြောင်းပြည့်စုံခြင်း။
ရံသိနေပြောက်	=	နေရောင် နေပြောက်။
မေရုပဗ္ဗတ	=	မြင်းမိုရ်တောင်။
သီလာတောင်	=	ကျောက်တောင်။
တစ်ပြိုင်တည်လျက် တစ်ပြိုင်ပျက်	=	အတူဖြစ်၊ အတူပျက်သော စကြာဝဠာကုဋေတစ်သိန်း။

http://www.dhammadownload.com

အပိုဒ် ၁၁

ဒသနာကာရ = မြင်ပုံအခြင်းအရာ။
သောဠသ = တစ်ဆယ့်ခြောက် (သစ္စာအနက် ဆယ်ခြောက်ချက်)။
မေဃဝန် = အလွန်သည်းထန်သော မိုးကြီး။
ဓမ္မသောရီ = တရားတည်းဟူသောစည်တော်။
မေဒနီ = အဆီ၊ အနှစ်။
ဒေဝါဓိဒေဝိန္ဒ = နတ်တကာတို့ထက်မြတ်သောနတ်။
ဗြဟ္မာဓိဗြဟ္မိန္ဒ = ဗြဟ္မာတကာတို့ထက် မြတ်သော ဗြဟ္မာ။
တိဘဝပါရဂူ = ကာမ၊ ရူပ၊ အရူပဟူသော ဘဝ သုံးပါး၏ တစ်ဘက်သို့လည်း ရောက်သည့် မြတ်စွာဘုရား။
အဘိဘူပါမောက္ခ = ဗြဟ္မာတို့၏ အကြီးအကဲ။
အနုတ္တရ = မိမိထက် လွန်မြတ်သူ မရှိသော။
မဟာဓမ္မရာဇ = တရားမင်း မြတ်စွာဘုရား။ ■

http://www.dhammadownload.com

ဝတ်အသင်းအဖွဲ့များလက်စွဲ(ဝတ္ထုဆိုက်)

၁။ ပညာအလင်းပြအသံထွက် ပရိတ်ကြီး ၃၀ိ။
(ငှင်း) (ဖလင်ဖုံးနှင့်) ၃၅ိ။
(အသံထွက် - ဖြစ်စဉ်ဝတ္ထု - မြန်မာပြန်နှင့် ရွတ်ဖတ်
ရကျိုး - သံဝေဂလင်္ကာပါသည် အစုံလင်ဆုံး)

၂။ ပညာအလင်းပြ ဓမ္မစကြာအသံထွက် ၁၅ိ။
(အမွန်းနှင့် မြန်မာပြန်ပါသည်)

၃။ ပညာအလင်းပြ ပဋ္ဌာန်းအသံထွက် ၁၅ိ။
(အပွန်းနှင့် အဓိပ္ပါယ်အကျဉ်းပါသည်)

၄။ ပညာအလင်းပြ ဆယ်စောင်တွဲ(အစုံလင်ဆုံး) ၇၀ိ။

၅။ မဟာအာဋာနာဋိယသုတ်တော်ကြီး (စက္ကူချော) ၅၀ိ။

၆။ ဥပ္ပါတသန္တိနှင့် ရတနာရွှေထီး (စက္ကူချော) ၁၀၀ိ။

၇။ ဓမ္မစကြာသုတ်တော်နှင့် အနတ္တလက္ခဏာသုတ်
(ဘုရားဟော ပါဠိတော် + လယ်တီမြန်မာပြန်+
ဦးဖေမောင်တင်၏ အင်္ဂလိပ်ဘာသာပြန်- ၇၅ိ။

၈။ ဂုဏ်တော်ကွန်ချာအမြုတေ ပုတီးစိပ်နည်း ၅၀ိ။

၉။ ဗုဒ္ဓပရိတ်တော်နှင့် အန္တရာယ်ကင်း ၅၅ိ။
ဂါထာပေါင်းချုပ် (စက္ကူကြမ်း-ရိုးရိုးဖုံး)

၁၀။ ငှင်း ပရင်းတင်းစက္ကူဖြူချော + ခန့်ချုပ် ၁၀၀ိ။

ရန်ကုန်-မန္တလေးနှင့် မြို့တိုင်း ဆိုင်တိုင်းမှာ ရနိုင်ပါပြီ။

http://www.dhammadownload.com

ပညာအလင်းပြ

ဓမ္မစကြာပါဠိတော်

အသံထွက်

လယ်တီဆရာတော်ဘုရားကြီး၏

ဓမ္မစကြာ မြန်မာဘာသာပြန် ပါရှိသည်

ပါဠိဆရာကြီး ဦးဘုန်းကျော် ကြီးကြပ်ပြင်ဆင်သည်။

http://www.dhammadownload.com

ဓမ္မဒါနပြုရန်
ပညာအလင်းပြ(အိတ်ဆောင်)တရားစာများ

၁။ မေတ္တာဘာဝနာ တရားတော် ၄ိ။
၂။ ဓါရဏပါဠိတော် အသံထွက်၊ အဘိဏှ
ပါဠိတော် အသံထွက် ၊ ပရိမိတ္တ ဇာလ
ပါဠိတော် အသံထွက် နှင့် နိဿယများ ၅ိ။
၃။ ပဋ္ဌာန်းပါဠိတော်နှင့် အဓိပ္ပါယ်အကျဉ်း ၅ိ။
၄။ ပရိတ်ကြီး ပါဠိတော်နှင့် မေတ္တာပွားနည်း ၅ိ။
၅။ လယ်တီမဟာ သရဏဂုံတော် အနှစ်ချုပ် ၅ိ။
၆။ လယ်တီ (၇) ဆူ စက်ပရိတ်နှင့်
ဂုဏ်တော် (၂၄) ပါး ဘုရားရှိခိုး ၅ိ။
၇။ ဆရာတော်ကြီး (၃) ပါး တရားလမ်းညွှန် ၅ိ။
၈။ (၇) ရက်သားသမီး သက်စောင့်ဂါထာများ ၅ိ။
၉။ ဘုရားရှင်၏ နောက်ဆုံးစကားနှင့် ထွင့်ခေါင်
ကမ္ဘဋ္ဌာန်းသံပေါက် ဦးပေါ်ဦး အမေးအဖြေ ၅ိ။
၁၀။ တောင်တန်းဆရာတော်ကြီး နတ်ချစ်ဂါထာ ၅ိ။
၁၁။ ရှင်သီဝလိ နှင့် ရှင်ဥပဂုတ် ဂါထာတော် ၈ိ။
၁၂။ လိုရာဆန္ဒပြည့် စိန္တာမဏိ မန္တာန်တော် ၁၀ိ။
၁၃။ ဩကာသနှင့် ငါးပါးသီလအဖွင့် ၁၀ိ။
၁၄။ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုကျမ်း ၁၅ိ။
၁၅။ ဓမ္မစကြာနှင့်အနတ္တလက္ခဏာ (မြန်မာပြန်) ၁၅ိ။

http://www.dhammadownload.com

ပညာအလင်းပြ

ပဋ္ဌာန်းပါဠိတော်

အသံထွက်

ထွက်ပါပြီ

ပြည်လုံးကျွတ်ဖြန့်ချိရေး

တိုက်တည်သက္ကရာဇ်
၁၉၂၀

တိုက်တည်သက္ကရာဇ်
၁၂၈၀

ပညာအလင်းပြစာပေ၊ အမှတ်-၁၃၀၊ ဗိုလ်ချုပ်လမ်း နှင့် ၄၈ လမ်း၊
ရန်ကုန်မြို့၊ ပုဇွန်တောင်စတိုက်၊ ဖုန်း- ၉၀၉၂၇၊

http://www.dhammadownload.com

ဆင်းရဲမှုအပေါင်းကလျှင်မြန်စွာလွတ်မြောက်နိုင်သော

အလွယ်ဆုံး အတိုဆုံး အရှင်းဆုံး ကျင့်စဉ်

စက္ကန့်သုံးရာ • ဘာဝနာ

(ဓော)

ငါးမိနစ်
တရားရှုမှတ်နည်း

မောင်လှပေါ်(မဟာဗောဓိ)

ပြည်လုံးကျွတ်ဖြန့်ချိရေး

တိုက်တည်သက္ကရာဇ် ၁၉၂၀

တိုက်တည်သက္ကရာဇ် ၁၂၈၈

ပညာအလင်းပြစာပေ၊ အမှတ်-၁၃၀၊ ဗိုလ်ချုပ်လမ်းနှင့် ၄၈ လမ်းထိပ်၊
ရန်ကုန်မြို့၊ ပုဇွန်တောင်စာတိုက်၊ ဖုန်း- ၉၀၉၂၇။

http://www.dhammadownload.com

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးနှင့်
အနာဂါမ် ဆရာသက်ကြီး တို့၏ မူ
အာနာပါနသတိမှုဖြင့်

ဝိပဿနာ ရှုပွားနည်း

စာအုပ် ထွက် ပါပြီ

- ဝိပဿနာတရား အားထုတ်သူတို့၏ ရှေးဦးပြုဖွယ်
- သင်ကြားပေးမည့် ဆရာသမားတို့၏ ရှေးဦးပြုဖွယ်
- သမာဓိထူထောင်ရာတွင် ပေါ်လာတတ်သော နိမိတ်များ
- နတ်တို့လှည့်စားတတ်သော တန်ခိုး ဣဒ္ဓိပါဒ်များ
- တကယ်ကျင့်တကယ်ရနိုင်သော မဂ်ဖိုလ်ကျင့်စဉ်
- ဝိပဿနာ ဉာဏ်(၁၀)ပါးကို တစ်ပါးစီ ခွဲပြပုံ

ပညာအလင်းပြစာပေတိုက် ဖုန်း- ၉၀၉၂၇
၁၃၀၊ ဗိုလ်ချုပ်လမ်းနှင့် ၃၈လမ်းထိပ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

လူတိုင်း~အိမ်တိုင်း တစ်အုပ်ကျစီ ရှိသင့်သော

ဓမ္မာစရိယ ဦးအောင်နိုင် ဘီအေ ၏

ဗုဒ္ဓယဉ်ကျေးမှု

မြန်မာ့ဓလေ့ ပွဲတော်များ

ဘာသာရေး ပွဲတော် အသီးသီးတို့၏ စတင်

ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း အပြည့်အစုံ

ထိုပွဲတော်များ၏ ကျင်းပကြပုံ စနစ်များ

လုပ်ထုံးများနှင့်နယ်အသီးသီးမှ

ဘာသာရေးပွဲတော်ကျင်းပခဲ့ကြသည့်ဓလေ့နှင့်

ဆိုင်ရာ ဗဟုသုတများ စုံလင်စွာပါသည်

ပညာအလင်းပြစာပေတိုက် ဖုန်း~ ၆၀၉၂၇

၁၃၀၊ ဗိုလ်ချုပ်လမ်းနှင့် ၄၈လမ်းထိပ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

ဆိုင်ဖွင့်ချိန်

၂

နံနက်(၈)နာရီ မှ ညနေ(၅)နာရီ

ဆိုင်ပိတ်ရက်

၂

တနင်္ဂနွေနေ့ နှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များ
ဆိုင် မဖွင့်ပါ။

ကျေးဇူးတင်ပါသည်

ပညာအလင်းပြစာပေ

၁၃၀-ဗိုလ်ချုပ်လမ်း နှင့် လေးဆယ့်ရှစ်လမ်းထိပ်
ရေကျော်-ရန်ကုန်မြို့။

http://www.dhammadownload.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူတကာတွင်တရားအလှူသည် အမြတ်ဆုံး

ပညာအလင်းပြ